# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကြီးသူတို့ကို ရိုသေလုပ်ကျွေးပြုစုခြင်းသည် ချမ်းသာ၏**

လောကဥ္စ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ အဖကို ပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ လောကဥ္စရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏၊ မကောင်းမှု ကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝက တို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။

နာဂဝဂ် ( ဓမ္မပဒ- ၃၃၂)


၁၃၈၈ ခုနှစ်၊ ကဆုန်လကွယ် သောကြာနေ့။ Friday, 15 May 2026 ၁၂၁၇၉




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ(နေပြည်တော်)တွင် ဘက်ထရီလျှပ်စစ်ရထားတွဲဆိုင်း (BEMU) များကို ကြည့်ရှုစစ်ဆေးစဉ်။

## ရထားပို့ဆောင်ရေးကို ပြည်သူများယုံကြည်စိတ်ချစွာ အပြည့်အဝအားကိုးအသုံးပြုနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်လို

# မြန်မြန်ဆန်ဆန်နှင့် ပို့ဆောင်နိုင်မည်ဆိုပါက ရထားစီးနင်းသုံးစွဲသူများ ပိုမိုများပြားလာမည်

## ရထားလမ်းများ အဆင့်မီကောင်းမွန်ရေး မဖြစ်မနေဆောင်ရွက်

**နေပြည်တော် မေ ၁၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားစက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာဌာန စက်ခေါင်းသစ် တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ(နေပြည်တော်)သို့ သွားရောက်၍ ရထားပို့ဆောင်ရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ(နေပြည်တော်)သို့ ရောက်ရှိကြရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့် မြန်မာ့မီးရထားမှ တာဝန်ရှိသူများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

**ယနေ့ ဖတ်စရာ**


ပြည်သူကအားကိုးသည့် ဥပဒေပြု မဏ္ဍိုင်ဖြစ်လာစေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက် စာမျက်နှာ » ၅

ဆီဖူလုံကာ အသားတိုးထုတ်ဖို့ ပဲပုပ်စိုက်ကြစို့ ဆောင်းပါး စာမျက်နှာ » ၆

စစ်မှုထမ်းတာဝန်ကျေပွန်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများကို အလုပ်အကိုင်များ လုပ်ကိုင်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ စာမျက်နှာ » ၇

အစိုးရသစ်၏ ရက် (၁၀၀)စီမံကိန်းအဖြစ် ဆောင်ရွက်မည့် နှလုံးရောဂါအန္တရာယ် အကဲဖြတ်စနစ်စီမံချက်စတင်ကြောင်း အသိပေးအခမ်းအနား ကျင်းပ စာမျက်နှာ » ၈

အခြေခံပညာအလယ်တန်းဆင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးဘာသာရပ်ဆိုင်ရာ နည်းပြသင်တန်းဖွင့်ပွဲနှင့် ဒီဂျစ်တယ်စာကြည့်တိုက်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကျင်းပ စာမျက်နှာ » ၉

# အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေး ပြဋ္ဌာန်းမည့် ဥပဒေကြမ်းကို ကြိုဆို

နိုင်ငံတော်အစိုးရသည် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အရှိန်အဟုန်မြှင့်တင် တိုက်ဖျက်နှိမ်နင်းလျက်ရှိသည်။ နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်နေသော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများကို အဆက်မပြတ် အရှိန်အဟုန်မြှင့်တင် တိုက်ဖျက်လျက်ရှိသော်လည်း အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာကာ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ကြသည့် ပြည်ပနိုင်ငံသားများအား နေ့စဉ်ဖော် ထုတ်ဖမ်းဆီးရမိနေသည်ကို တွေ့မြင်နေရသည်။ နိုင်ငံတစ်နိုင်ငံ၏ပိုင်နက် နယ်မြေအတွင်းသို့ ကျူးကျော်ဝင်လာမှုများမှာ အန္တရာယ်ကြီးမားသောကိစ္စဖြစ်သော်လည်း ထိုသို့ဆက်လက်ပြုလုပ်နေခြင်းသည် အကျိုးအမြတ် ကြီးကြီးမားမား ရရှိသောကြောင့် အန္တရာယ်ကိုမမှုဘဲ ဆက်လက်ကျူးလွန်နေကြသည်ဟု ဆိုနိုင်သည်။

ထို့ကြောင့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရာတွင် ပိုမိုထိရောက်စွာတိုက်ဖျက်နိုင်ရန် အလေးထားဆောင်ရွက်လျက်ရှိသည်။ အွန်လိုင်းလိမ်လည်မှုကို နိုင်ငံတော်အတွင်း အခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် ပြည်ပနိုင်ငံအစိုးရများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေး၊ နယ်စပ်ဒေသများမှတစ်ဆင့် နိုင်ငံတော်အတွင်းသို့ တရားမဝင်ဝင်ရောက်ပြီး အွန်လိုင်းလိမ်လည်မှုဆိုင်ရာမှုခင်းများကို ကျူးလွန်ခြင်းဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် တည်ငြိမ်အေးချမ်းမှုကို ထိခိုက်စေခြင်းမှ ကာကွယ်ရေး၊ အွန်လိုင်းလိမ်လည်မှုဆိုင်ရာမှုခင်းများကို အမြစ်ပြတ် ဖော်ထုတ်အရေးယူဆောင်ရွက်နိုင်ရေး၊ အွန်လိုင်းလိမ်လည်မှုကြောင့် အများပြည်သူ ထိခိုက်နစ်နာဆုံးရှုံးမှုကို တားဆီးကာကွယ်ရေး၊ ဘဏ်နှင့် ငွေရေးကြေးရေးဆိုင်ရာအဖွဲ့အစည်းများ၊ ဆက်သွယ်ရေးဝန်ဆောင်မှုပေးသူများနှင့် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများအကြား သတင်းအချက်အလက် ဖလှယ်နိုင်ရေးစသည့် နိုင်ငံတော်ကဆောင်ရွက်မည့် ဥပဒေမူကြမ်းပါ ရည်ရွယ်ချက်များက လျော်ကန်သင့်မြတ်ကောင်းမွန်ပေသည်။

အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ရည်ရွယ်ချက်များအရ နိုင်ငံတော်အတွင်း တရားမဝင် ဝင်ရောက်လာသူများကို နိုင်ငံတော်အစိုးရ လုံခြုံရေးအဖွဲ့အစည်းများက ထိထိရောက်ရောက် ရှာဖွေဖော်ထုတ် အရေးယူတားဆီးကာကွယ်နေသလို အွန်လိုင်းလိမ်လည်မှုများကို အဆက်မပြတ်ကျူးလွန်နိုင်ရန်အတွက် အထောက်အပံ့တွန်းအားများကိုလည်း ကြပ်မတ်ထိန်းကျောင်း ပိတ်ပင်တားဆီးအရေးယူကြရမည်ဖြစ်သည်။ အွန်လိုင်းလိမ်လည်မှုသည် အများပြည်သူတို့အနေဖြင့် အသိအမြင်ဗဟုသုတနှင့်ဆင်ခြင်တုံတရားအားနည်းခြင်း၊ အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအတွက် နည်းပညာနှင့်ပစ္စည်းအထောက်အပံ့များရရှိခြင်းနှင့် အဓိကအသက်သွေးကြောဖြစ်သည့် တရားမဝင်ငွေကြေးစီးဆင်းမှုအလုပ်ဖြစ်နေခြင်းတို့သည် အားကောင်းစေသော အချက်များဖြစ်သည်။

ထို့ကြောင့် ဖြစ်ပေါ်နေသည့်အခြေအနေများအရ အားနည်းချက်များကို ပြန်လည်ပြင်ဆင်တည့်မတ်ပြီး အဆိုပါအရေးကြီးသည့် အချက်သုံးချက်အပါအဝင် ပိုမိုအားကောင်းပြီး ထိရောက်စွာဆောင်ရွက်နိုင်သည့် ဥပဒေမူကြမ်းပါ အချက်များနှင့်အညီ အွန်လိုင်းလိမ်လည်မှု အမြစ်ပါမကျန် ပပျောက်နိုင်ရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ အဓိကကျသည့် လုံခြုံရေးစနစ်၊ ဆက်သွယ်ရေးစနစ်၊ ငွေရေးကြေးရေးစနစ်နှင့် မိုဘိုင်းဖုန်းဝန်ဆောင်မှုစနစ်များ လုံခြုံစိတ်ချရေးသည် အရေးကြီးသောအချက်များဖြစ်သည်။ ထို့ကြောင့် ဘဏ်နှင့် ငွေရေးကြေးရေးဆိုင်ရာအဖွဲ့အစည်းများ၊ အီလက်ထရောနစ်ငွေပေးချေမှု ဝန်ဆောင်မှုပေးသူများ၊ ဆက်သွယ်ရေးအော်ပရေတာများနှင့် အင်တာနက်ဝန်ဆောင်မှုပေးသူများက ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပြီး နောက်ဆုံးပေါ် အွန်လိုင်းလိမ်လည်မှုပုံစံများကို အများပြည်သူသိရှိစေရန် သတိပေးချက်များ ထုတ်ပြန်ခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများကို မဖြစ်မနေ တိုးမြှင့်ဆောင်ရွက်ကြရမည်ဖြစ်သည်။

အမှန်တကယ်တွင် မြန်မာနိုင်ငံအနေဖြင့် ဖွံ့ဖြိုးပြီးနိုင်ငံမဟုတ်သဖြင့် နည်းပညာနှင့်အထောက်အပံ့များ မြန်မာနိုင်ငံမှ ရရှိခြင်းမဟုတ်ဘဲ ဖွံ့ဖြိုးပြီးပြည်ပနိုင်ငံများမှ ရရှိလာခြင်းဖြစ်ရာ နည်းပညာနှင့်ပစ္စည်းများ အထောက်အပံ့ပေးရာ၊ ငွေကြေးများ၏ စီးဆင်းရာလမ်းကြောင်းများကို မြန်မာနိုင်ငံနှင့်အတူ နိုင်ငံတကာအဖွဲ့အစည်းများကလည်း စုံစမ်းဖော်ထုတ် ထိန်းချုပ်ကန့်သတ် အရေးယူခြင်းများကို ထိထိရောက်ရောက် လက်တွဲပူးပေါင်းဆောင်ရွက်သွားသင့်ပေသည်။ ယခုအခါ အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာဥပဒေကြမ်းကို မြန်မာနိုင်ငံအနေဖြင့် ရေးဆွဲအကောင်အထည်ဖော်နေပြီဖြစ်ရာ ဥပဒေကြမ်းတွင် အရေးကြီးသော ဆောင်ရွက်ရမည့်အချက်များနှင့် ပြစ်မှုပြစ်ဒဏ်များကို ထိထိရောက်ရောက်ရေးဆွဲဖော်ပြထားသဖြင့် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများကို ဥပဒေနှင့်အညီ ယခုထက်ပိုမို ထိရောက်စွာတိုက်ဖျက်နှိမ်နင်းနိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

## ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက်(၂)နှစ်အောက်ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ခြင်း (MCCT) အစီအစဉ် အသိပေးနှိုးဆော်ခြင်း

တိုင်းဒေသကြီး/ပြည်နယ် (၇)ခုဖြစ်သော ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ **၂၀၂၆ ခုနှစ်၊ မေလ ၂၆ ရက်နေ့**အထိ ကိုယ်ဝန်ဆောင်အဖြစ်ရှိနေသူများအနေဖြင့် MCCT အစီအစဉ်တွင် အကျိုးခံစားခွင့်ရရှိရန် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး သို့မဟုတ် နီးစပ်ရာလူမှုဝန်ထမ်းရုံးများသို့ (၃၁-၅-၂၀၂၆)ရက် နောက်ဆုံးထားပြီး စာရင်းပေးသွင်းနိုင်ပါသည်။

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် အကျိုးခံစားခွင့်ရှိသူများအား ၃ လပတ် ၂ ကြိမ် (၆)လစာ ထောက်ပံ့သွားမည်ဖြစ်ပါကြောင်းနှင့် ယခုနှစ်မှစတင်ပြီး ဖုန်းသို့ငွေလွှဲခြင်းဖြင့် ထောက်ပံ့မည်ဖြစ်ပါ၍ ထုတ်ယူလိုသည့် ငွေလွှဲဝန်ဆောင်မှုများအား မိမိတို့၏ လက်ကိုင်ဖုန်းများတွင် ဖွင့်လှစ်ထားပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ထောက်ပံ့ခြင်းအစီအစဉ်နှင့်ပတ်သက်၍ သိရှိလိုသည်များကို လူမှုဝန်ထမ်းဦးစီးဌာန Help Line ဖုန်းနံပါတ် 1566၊ 09-889900077 သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

## လူမှုရေးပင်စင်ထောက်ပံ့ခြင်းအစီအစဉ် အသိပေးနှိုးဆော်ခြင်း

**၁၉၄၁ ခုနှစ်၊ ဧပြီလ ၁ ရက် (၁၃၀၂ ခုနှစ်၊ ဦးတန်ခူးလဆန်း ၆ ရက်)** မတိုင်မီ မွေးဖွားခဲ့သည့် အသက်(၈၅)နှစ်ပြည့်ပြီးသော သက်ကြီးပုဂ္ဂိုလ်များအနေဖြင့် လူမှုရေးပင်စင်အစီအစဉ်တွင် အကျိုးခံစားခွင့်ရရှိရန် သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူး သို့မဟုတ် နီးစပ်ရာ လူမှုဝန်ထမ်းရုံးများသို့ (၃၁-၅-၂၀၂၆)ရက် နောက်ဆုံးထားပြီး စာရင်းပေးသွင်းနိုင်ပါသည်။

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် အကျိုးခံစားခွင့်ရှိသူများအား ၃ လပတ် ၂ ကြိမ် (၆)လစာ ထောက်ပံ့သွားမည်ဖြစ်ပါကြောင်းနှင့် ယခုနှစ်မှစတင်ပြီး ဖုန်းသို့ ငွေလွှဲခြင်းဖြင့် ထောက်ပံ့မည်ဖြစ်ပါ၍ ထုတ်ယူလိုသည့် ငွေလွှဲဝန်ဆောင်မှုများအား မိမိတို့၏ လက်ကိုင်ဖုန်းများတွင် ဖွင့်လှစ်ထားပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ထောက်ပံ့ခြင်းအစီအစဉ်နှင့်ပတ်သက်၍ သိရှိလိုသည်များကို လူမှုဝန်ထမ်းဦးစီးဌာန Help Line ဖုန်းနံပါတ် 1566 ၊ 09-889900033 သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

## ၁၄ - ၅ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၁၅၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၄ - ၅ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၄,၀၀၀ | ၁၃,၅၀၀ | ၃၉၂ | ၅,၄၄၆,၅၀၀ |
| MTSH | ၆,၄၀၀ | ၆,၅၀၀ | ၆,၀၀၆ | ၃၈,၄၆၃,၅၀၀ |
| MCB | ၉,၄၀၀ | ၉,၄၀၀ | ၁ | ၉,၄၀၀ |
| FPB | ၄,၄၀၀ | ၄,၄၀၀ | ၅,၇၆၃ | ၂၅,၃၅၇,၂၀၀ |
| TMH | ၃,၃၀၀ | ၃,၂၅၀ | ၂၃၉ | ၇၈၆,၉၀၀ |
| EFR | ၁,၇၅၀ | ၁,၇၅၀ | ၁,၃၄၆ | ၂,၃၅၅,၅၀၀ |
| AMATA | ၃,၉၅၀ | ၃,၉၅၀ | ၃၆၇ | ၁,၄၄၉,၆၅၀ |
| MAEX | ၄,၁၀၀ | ၄,၂၀၀ | ၃,၀၇၀ | ၁၂,၅၉၄,၀၀၀ |
| MADPL(PLB) | ၃,၉၀၀ | ၃,၉၀၀ | ၄၄၃ | ၁,၇၂၇,၇၀၀ |
| ASPGB(PLB) | ၃၈,၅၀၀ | ၃၈,၅၀၀ | ၇၁ | ၂,၇၃၃,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင်၊ ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ(နေပြည်တော်)၌ ရထားပို့ဆောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားစဉ်။

☆ ရှေ့ဖုံးမှ

**တိုင်းပြည်နှင့် ပြည်သူ့အကျိုးကို ဖော်ဆောင်ပေးနိုင်သည့် အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးလုပ်ငန်းရပ်တစ်ခုဖြစ်**

ထို့နောက် စက်ရုံအစည်းအဝေးခန်းမ၌ နိုင်ငံတော်သမ္မတက ရထားပို့ဆောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် မိမိတို့နိုင်ငံ၌ ရထားပို့ဆောင်ရေးကို ၁၈၇၇ ခုနှစ်တွင် ရန်ကုန်-ပြည် ရထားလမ်းပိုင်း စတင်ဖွင့်လှစ်ပြေးဆွဲခဲ့ပြီး အရှေ့တောင်အာရှတွင် အစောဆုံးသော ရထားပို့ဆောင်ရေးစနစ်ကို ဖော်ဆောင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ဒီဇယ်စက်ခေါင်း အသုံးပြုရာတွင်လည်း အစောဆုံးဖြစ်ခဲ့ကြောင်း၊ မြန်မာ့မီးရထားလုပ်ငန်းအနေဖြင့် ၂၀၂၇ ခုနှစ်တွင် နှစ်ပေါင်း ၁၅၀ ပြည့်မြောက်တော့မည်ဖြစ်ပြီး နှစ်ပေါင်း ၁၅၀ ခန့်ရှိပြီဖြစ်သည့် ရထားပို့ဆောင်ရေးစနစ်သည် ယခုထက်ပိုမို၍ ဖွံ့ဖြိုးတိုးတက်သင့်သည်ဟု ထင်မြင်မိကြောင်း၊ လက်ရှိ မြန်မာ့မီးရထားတွင် ဧကလမ်း ၃၄၈၃ မိုင်၊ ဒွေးလမ်း ၃၈၅ မိုင် စုစုပေါင်း ရထားလမ်းမိုင် ၃၈၆၈ မိုင်ရှိပြီဖြစ်ကြောင်း၊ ရထားပို့ဆောင်ရေးသည် ခရီးသွားပြည်သူများ၏အကျိုးကို ဖော်ဆောင်ပေးနိုင်သကဲ့သို့ နိုင်ငံတော်အတွက်လည်း အကျိုးရှိသည့် လုပ်ငန်းရပ်တစ်ခုဖြစ်ကြောင်း၊ ကမ္ဘာပေါ်ရှိ နိုင်ငံအများအပြားတွင်လည်း ရထားပို့ဆောင်ရေးစနစ်ကို ကျယ်ကျယ်ပြန့်ပြန့်နှင့် အကျိုးရှိစွာ အသုံးပြုလျက်ရှိသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း။

**ရထားလမ်းများအဆင့်မြှင့်တင်ခြင်းနှင့်အတူ ရထားဘူတာရုံစကြႋများ၊ ရထားလမ်းကူးများ၊ တံတားများ၊ အခြားဖြစ်နိုင်ဖွယ်ရှိသည့်များ အားလုံးကို လေ့လာတွက်ချက်၍ စနစ်တကျဖြင့် အဆင့်မြှင့်တင်သွားရန်**

မြန်မာနိုင်ငံရှိရထားလမ်းများအနေဖြင့် သတ်မှတ်အရည်အသွေးများနှင့် အဆင့်မီမှု အားနည်းလျက်ရှိသည်ကို တွေ့မြင်ရကြောင်း၊ ရထားလမ်းများ အရည်အသွေးနှင့် အဆင့်မီမှုရှိမှသာလျှင် ရထားများကို မြန်နှုန်းမြင့် မောင်းနှင်အသုံးပြုနိုင်မည်ဖြစ်သဖြင့် ရထားလမ်းများ အဆင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရထားလမ်းများအဆင့်မြှင့်တင်ရာတွင် ရထားသံလမ်းများ၊ ဇလီဖားတုံးများ၊ အောက်ခံကျောက်များ သတ်မှတ်အရည်အသွေးပြည့်မီရမည်ဖြစ်သကဲ့သို့ ရထားလမ်းကွေ့နေရာများ၊ အနိမ့်အမြင့်နေရာများကိုလည်း စနစ်တကျ ထည့်သွင်းတွက်ချက် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိအနေဖြင့် မီးရထားလမ်းများ အဆင့်မြှင့်တင်ရေးအတွက် ပြုပြင်ပြောင်းလဲမှုများ များစွာဆောင်ရွက်ပေးလျက်ရှိကြောင်း။

ရထားပို့ဆောင်ရေးကို ပြည်သူများ ယုံကြည်စိတ်ချစွာဖြင့် အပြည့်အဝအားကိုးအသုံးပြုနိုင်ရေးအတွက် မိမိတို့အနေဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် **ကမ္ဘာ့နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများအရ လောင်စာဆီအခက်အခဲများကို ကြုံတွေ့ရလျက်ရှိကြောင်း၊ ထိုသို့ကြုံတွေ့နေရသည့်အချိန်တွင် မိမိတို့အနေဖြင့် အများပြည်သူသုံး သယ်ယူပို့ဆောင်ရေး Public Transportation ကို ကောင်းမွန်အောင် ဆောင်ရွက်ပေးသွားကြရမည်**ဖြစ်ကြောင်း၊ပို့ဆောင်ရေးစနစ်များတွင် လေယာဉ်၊ မော်တော်ယာဉ်၊ ရေယာဉ်နှင့် ရထားပို့ဆောင်ရေးဟူ၍ရှိပြီး ရထားသည် ခရီးသည်နှင့် ကုန်ပစ္စည်းများကို ကုန်ကျစရိတ်သက်သာစွာဖြင့် အရေအတွက်များများ ပို့ဆောင်ပေးနိုင်သည့် အကောင်းမွန်ဆုံးသော ပို့ဆောင်ရေးစနစ်တစ်ခုဖြစ်ကြောင်း၊ ရထားပို့ဆောင်ရေးလုပ်ငန်းသည် နိုင်ငံအတွက်အမှန်တကယ် အကျိုးရှိသည့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းရပ်တစ်ခုဖြစ်ပြီး ရထားကိုအသုံးပြုခြင်းကြောင့် လောင်စာဆီများသုံးစွဲရမှုကိုလည်း သက်သာစေနိုင်ကြောင်း၊ **ရထားပို့ဆောင်ရေးစနစ်ကို ပြည်သူများ ပိုမိုအားကိုးလာစေရေး ရထားနှင့်ပတ်သက်၍ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးသွားရမည်**ဖြစ်ကြောင်း၊ မြန်မြန်ဆန်ဆန်နှင့် ပို့ဆောင်နိုင်မည်ဆိုပါက ရထားစီးနင်းသုံးစွဲသူများ ပိုမိုများပြားလာမည်ဖြစ်ကြောင်း၊ နိုင်ငံအတွက် အဓိကကျသည့် မီးရထားလမ်းများ၌ ကုန်စည်များ အမြဲမပြတ်ပို့ဆောင်ပြေးဆွဲနိုင်ရေးအတွက်လည်း ဆောင်ရွက်နေရန်လိုကြောင်း။

ရန်ကုန်-မန္တလေး၊ ရန်ကုန်-မော်လမြိုင်၊ ရန်ကုန်-ပြည် စသည့်ရထားလမ်းများကို ဦးစားပေးအနေဖြင့် အဆင့်မြှင့်တင် ပြုပြင်သွားကြရမည်ဖြစ်ကြောင်း၊ **ရထားတွဲများ မည်မျှပင်ကောင်းသည်ဖြစ်စေ ရထားလမ်းများကောင်းမွန်မှုမရှိပါက ထိရောက်ကောင်းမွန်မှုရှိမည်မဟုတ်**ကြောင်း၊ ထို့ကြောင့် ရထားလမ်းများ အဆင့်မီကောင်းမွန်ရေးကို မဖြစ်မနေဆောင်ရွက်သွားကြရန်လိုကြောင်း၊ ရထားလမ်းများ အပိုင်းလိုက် အဆင့်မြှင့်တင်ခြင်းများကို ဆောင်ရွက်ရာတွင် ယခင်က ဂျပန်နိုင်ငံမှ ချေးငွေများဖြင့် ဆောင်ရွက်ခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် တုံ့ဆိုင်းနေသဖြင့် နောက်ပိုင်းတွင် နိုင်ငံတော်၏ဘဏ္ဍာငွေမှစိုက်ထုတ်၍ အဆင့်မြှင့်တင်ခြင်းများကို ဆက်လက်ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် ပြည်သူများ၏သွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ လက်ရှိ ၇၅ ပေါင်သံလမ်းများကိုလည်း အဆင့်မြှင့်တင်ရေး ဦးစားပေးဆောင်ရွက်လျက်ရှိပြီး ပေါင် ၁၁၀ သံလမ်းများ အသုံးပြုဆောင်ရွက်နိုင်ရေးအတွက်လည်း ဆက်လက် လျာထားစဉ်းစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ရထားလမ်းများကောင်းမွန်စေရေးအတွက် အဓိကအနေဖြင့် ကျောက်များသတ်မှတ်ချက်များနှင့်အညီ စံချိန်စံညွှန်းပြည့်မီစွာ ထည့်သွင်းနိုင်ရမည်ဖြစ်ကြောင်း၊ ကျောက်များကို သတ်မှတ်ချက်များနှင့်အညီ ပြည့်မီအောင် ထည့်သွင်းထားရှိခြင်းဖြင့် ဇလီဖားတုံးများအား ထိန်းညှိပေးခြင်း၊ ဝန်ကိုမျှတစေခြင်း၊ တုန်ခါမှုများအား ထိန်းညှိပေးခြင်း၊ ရေစီးရေလာကိုကောင်းမွန်စေခြင်း၊ လမ်းကြောင်းတစ်လျှောက် ပေါင်းမြက်နှင့်အပင်များပေါက်ရောက်မှုကို လျှော့ချပေးခြင်း၊ အသံနှင့်အပူတို့ကို လျှော့ချပေးခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိစေနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ထိုကဲ့သို့သော အကျိုးကျေးဇူးများ ရရှိခံစားနိုင်စေရေး ကျောက်များခင်းကျင်းခြင်းကို စနစ်တကျဖြင့် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ လိုအပ်သည့် ကျောက်များရရှိရန်အတွက်လည်း မိမိတို့အနေဖြင့် အရင်းအမြစ်များစွာကို ပိုင်ဆိုင်ထားရှိပြီးဖြစ်သဖြင့် အကျိုးရှိရှိ အသုံးချသွားကြရန်လိုကြောင်း။

> ❖ **ကမ္ဘာ့နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများအရ လောင်စာဆီအခက်အခဲများကို ကြုံတွေ့ရလျက်ရှိကြောင်း၊ ထိုသို့ ကြုံတွေ့နေရသည့်အချိန်တွင် မိမိတို့အနေဖြင့် အများပြည်သူသုံးသယ်ယူပို့ဆောင်ရေး Public Transportation ကို ကောင်းမွန်အောင်ဆောင်ရွက်ပေးသွားကြရမည်**
>
> ❖ **ရထားပို့ဆောင်ရေးစနစ်ကို ပြည်သူများ ပိုမိုအားကိုးလာစေရေး ရထားနှင့်ပတ်သက်၍ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးသွားရမည်**
>
> ❖ **ရထားတွဲများ မည်မျှပင်ကောင်းသည်ဖြစ်စေ ရထားလမ်းများ ကောင်းမွန်မှုမရှိပါက ထိရောက်ကောင်းမွန်မှုရှိမည်မဟုတ်**

ရထားလမ်းအဆင့်မီရေးတွင် ကျောက်ပြည့်မီအောင် ဖြည့်သွင်းဆောင်ရွက်ခြင်းသည် အရေးကြီးသကဲ့သို့ ဇလီဖားတုံးများအား သတ်မှတ်ထားသည့် အကွာအဝေးများ၌ အရေအတွက်ပြည့်မီစွာဖြင့် အရည်အသွေးပြည့်မီအောင် ထည့်သွင်းထားရှိရန်လည်း လိုအပ်ကြောင်း၊ ထို့ပြင် ရထားလမ်းကွေ့နေရာများကိုလည်း သတ်မှတ်အမြန်နှုန်းနှင့်အညီ မောင်းနှင်နိုင်ရေး စနစ်တကျလေ့လာ၍ ပြန်လည်တွက်ချက်ပြင်ဆင်ခြင်း၊ Super Elevation များထည့်သွင်းခြင်းများဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ ၇၅ ပေါင်စံကိုက်လမ်းကို အမြန်နှုန်းမည်မျှအထိ မောင်းနှင်နိုင်မည်ကို စမ်းသပ်မောင်းနှင်သွားရန်လိုကြောင်း၊ အမြန်နှုန်းများ မြှင့်တင်ဆောင်ရွက်နိုင်ခြင်းဖြင့် ခရီးသွားပြည်သူများအတွက် အချိန်ကုန်သက်သာစေနိုင်မည်ဖြစ်ကြောင်း။

ရထားလမ်းများ အဆင့်မြှင့်တင်ခြင်းနှင့်အတူ ရထားဘူတာရုံစကြႋများ၊ ရထားလမ်းကူးများ၊ တံတားများ၊ အခြားဖြစ်နိုင်ဖွယ်ရှိသည်များအားလုံးကိုလည်း လေ့လာတွက်ချက်၍ စနစ်တကျဖြင့် အဆင့်မြှင့်တင်သွားရန်လိုကြောင်း၊ စကြႋနှင့် ရထားကြမ်းခင်းများ Level ညီရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အဓိကကျသည့်ဘူတာများကို ကြိုတင်ပြင်ဆင်ပြီး ကျန်ရှိသည့်ဘူတာငယ်များကို ဆက်လက်ပြင်ဆင်ဆောင်ရွက်သွားရန်လိုကြောင်း၊ ရထားလမ်းတစ်လျှောက်ရှိ ရထားလမ်းကူးများ၊ တံတားများနှင့်ပတ်သက်၍လည်း ရထားသံလမ်းများအဆင့်မြှင့်တင်သွားမည်ဆိုပါက တံတားများကိုလည်း မြှင့်တင်နိုင်ရေး စနစ်တကျ တွက်ချက်ဆောင်ရွက်သွားရန်လိုကြောင်း၊ ရထားလမ်းကြောင်းများတစ်လျှောက်၌ အသွားအလာများပြားသည့် ရထားလမ်းကူးနေရာများ၌လည်း ခုံးကျော်တံတားများတည်ဆောက်ခြင်း၊ လမ်းကူးအချက်ပြစနစ်များ စနစ်တကျဖြစ်အောင် ဆောင်ရွက်ပေးခြင်း၊ ရထားဖြတ်သန်းချိန်၌ ဂိတ်တံခါးများ စနစ်တကျဖြင့် အဖွင့်၊ အပိတ် ဆောင်ရွက်ပေးခြင်းတို့ကိုလည်း စနစ်တကျသုတေသနပြု ဆောင်ရွက်သွားရန်လိုကြောင်း၊ ဥပမာအားဖြင့် ရန်ကုန်မြို့ပတ်ရထားလမ်းကြောင်းတစ်လျှောက်၌ စနစ်တကျဖြစ်စေရေး ဆောင်ရွက်သွားရမည်ဖြစ်ပြီး နောင်အနာဂတ်ကာလတွင် မြေအောက်ရထားလမ်းများ တည်ဆောက်အသုံးပြုနိုင်သည်အထိ စနစ်တကျသုတေသနပြု တွက်ချက်ဆောင်ရွက်ထားရှိရန်လိုကြောင်း။

**စာမျက်နှာ ၄ သို့ ☆**

☆ စာမျက်နှာ ၃ မှ

ရထားတွဲများအဆင့်မြှင့်တင်ခြင်းနှင့်ပတ်သက်၍လည်း ရထားတွဲများအား စံနှုန်းတစ်ခုသတ်မှတ် ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ယခင်ကတည်းက မီးရထားတွဲများ တည်ဆောက်ခဲ့သည့် အတွေ့အကြုံများစွာ ရှိပြီးဖြစ်သဖြင့် ပြည်တွင်း၌ ရထားတွဲများ လုံလောက်စွာ ထုတ်လုပ်နိုင်ရန် လိုကြောင်း၊ ရထားတွဲများ၏ အလျား၊ အနံများအနေဖြင့် တူညီမှုမရှိကြသည်ကိုလည်း လေ့လာတွေ့ရှိရသဖြင့် မိမိတို့နိုင်ငံနှင့်ကိုက်ညီသည့် ရထားတွဲများ ဖြစ်စေရေး၊ ခရီးသွားပြည်သူများ ချောင်ချောင်ချိချိ သက်သက်သာသာဖြင့် စီးနင်းနိုင်သည့် ရထားတွဲများ ဖြစ်စေရေး စနစ်တကျဖြင့်လေ့လာ၍ သုတေသနပြု တွက်ချက်တည်ဆောက် ထုတ်လုပ်သွားကြရန် လိုကြောင်း၊ လက်ရှိအချိန်တွင် ဘက်ထရီလျှပ်စစ်စက်ခေါင်း (Battery Electric Locomotives – BEL) နှင့် ဘက်ထရီလျှပ်စစ်ရထားတွဲ (Battery Electric Multiple Unit – BEMU)များကို တည်ဆောက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း စနစ်တကျဖြစ်ရန်လိုကြောင်း။

မီးရထားတွဲများနှင့်ပတ်သက်၍ မြန်မာနိုင်ငံနှင့် ကိုက်ညီသည့် စံနှုန်းတစ်ခုအား သတ်မှတ်သွားရန် လိုပြီး နောင်တွင် ပုဂ္ဂလိကမီးရထားလုပ်ငန်းများ ပေါ်ပေါက်လာပါကလည်း ချမှတ်ထားသည့် စံသတ်မှတ်ချက်များနှင့်အညီ ဖြစ်ရန်လိုကြောင်း၊ မီးရထားစီးခရီးသည်များအနေဖြင့်လည်း စည်းကမ်း စနစ်တကျဖြစ်စေရေး အသိပညာပေးခြင်း၊ ကြပ်မတ်ခြင်းတို့ကို ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အလားတူ မီးရထားဝန်ထမ်းများအနေဖြင့်လည်း မိမိတို့၏ မီးရထားတွဲများအားလုံး သန့်ရှင်းသပ်ရပ်မှု ရှိစေရေး စနစ်တကျဖြင့် ထိန်းသိမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပြီး အသေးစိတ်မှစ၍ ဝန်ဆောင်မှု ကောင်းပေးနိုင်ရေး ပြုပြင်ထိန်းသိမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ မီးရထားစီးနင်းသူ ခရီးသွားပြည်သူများအနေဖြင့် စည်းကမ်းချက်များနှင့်အညီ လိုက်နာ၍ စီးနင်းလိုက်ပါရေးအတွက်လည်းမီးရထားဝန်ထမ်းများက တိုက်တွန်းဆောင်ရွက်သွားရန် လိုကြောင်း။

ရထားခေါင်းတွဲများနှင့် ပတ်သက်၍လည်း မိမိတို့နိုင်ငံတွင် အသုံးပြုနေသည့် ရထားစက်ခေါင်း အမျိုးအစားများစွာရှိပြီး မည်သည့်ရထားစက်ခေါင်းကို အသုံးပြုသည်ဖြစ်စေ စက်ခေါင်းကောင်းမွန်ကြံ့ခိုင်မှုရှိစေရေးနှင့် သန့်ရှင်းသပ်ရပ်မှုရှိစေရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ရထားစက်ခေါင်းများ၊ ရထားတွဲများအားလုံး ကြံ့ခိုင်ကောင်းမွန်မှုရှိစေရေးအတွက် စနစ်ကျနသည့် စစ်ဆေးမှုရှိရန်လိုပြီး အသုံးပြုနေသည့်ကာလအတွင်း စနစ်များအားလုံး ကောင်းမွန်နေစေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ မီးရထားစက်ခေါင်းများ၊ မီးရထားတွဲများသန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ ဆေးများစနစ်တကျ ဖြစ်စေရေးနှင့် ရထားတွဲများအားလုံး ကောင်းမွန်မှုရှိစေရေး ထိန်းသိမ်းဆောင်ရွက်သွားကြရန် လိုကြောင်း။

- ☆ **ရထားလမ်းအဆင့်မြှင့်တင်ခြင်းများ၊ ဘူတာရုံအသစ်များတည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ရာတွင် စနစ်တကျဖြင့် ကြိုတင်တွက်ချက်ပြီးမှသာ တည်ဆောက်သွားရန်လိုပြီး ထိုသို့ဆောင်ရွက်ခြင်းဖြင့် ပြင်ဆင်ထိန်းသိမ်းစရိတ်များကို များစွာလျှော့ချနိုင်မည်**
- ☆ **ရေနွေးငွေ့သုံးမီးရထားစက်ခေါင်းများအား ပြည်တွင်း၊ ပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်ရန်အတွက် ပြန်လည်ပြင်ဆင်ပြေးဆွဲနိုင်ရေး ဆောင်ရွက်**
- ☆ **မီးရထားတွဲများ တည်ဆောက်မှုနှင့်ပတ်သက်၍ ရေရှည်ကိုကြည့်ပြီး ဆောင်ရွက်သွားကြရန်လို၊ ဘက်ထရီစက်ခေါင်းဖြင့် မောင်းနှင်ခြင်းနှင့် လျှပ်စစ်ကြိုးသွယ်တန်း၍ မောင်းနှင်ခြင်းတို့၏ အားသာချက်နှင့် အားနည်းချက်များကို ဖော်ထုတ်သွားရန်လို**

**ရထားလမ်းများ အဆင့်မြှင့်တင်ခြင်းနှင့် အသစ်ဖောက်လုပ်ခြင်းများ ဆောင်ရွက်ရာတွင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကိုပါ ထည့်သွင်းစဉ်းစားရန်လို**

ရထားလမ်းများ အဆင့်မြှင့်တင်ခြင်းနှင့် အသစ်ဖောက်လုပ်ခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ ရထားလမ်းများဆောင်ရွက်ရာတွင် ခရီးသွားလုပ်ငန်း အဆင့်မြှင့်တင်နိုင်ရေးအတွက်ကိုပါ ထည့်သွင်း တွက်ချက်ဆောင်ရွက်သွားရန်လိုကြောင်း၊ အသွားအလာများပြားသည့် ရန်ကုန်-ပြည် လမ်းပိုင်းကို ဒွေးလမ်းအဖြစ် အဆင့်မြှင့်တင်သွားရန်လိုကြောင်း၊ ရန်ကုန်-မော်လမြိုင်-ရေး-ထားဝယ်အထိ သွားရောက်နိုင်သည့် ရထားလမ်းတည်ဆောက်နိုင်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိပြီး ရေးနှင့် ထားဝယ်အပိုင်းတွင် လက်ရှိလမ်းထက်ကောင်းမွန်မည့် ပင်လယ်ကမ်းခြေတစ်လျှောက်မောင်းနှင်နိုင်သည့် ပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်သောလမ်းတစ်ခုဖြစ်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြည်-ပုဂံ သွားရထားလမ်းအား ပြန်လည်ပြင်ဆင် အဆင့်မြှင့်တင်ရာတွင်လည်း သာယာလှပပြီး ရှုမောဖွယ်ဖြစ်သည့် ရှုမျှော်ခင်းများပါရှိစေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ရထားစီးခရီးသည်များအနေဖြင့် သာယာသည့် သဘာဝပတ်ဝန်းကျင်ကို ကြည့်ရှုစီးနင်းလိုက်ပါကာ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေမှ ဘုရားစေတီပုထိုးများကို ရောက်ရှိဖူးမြော်နိုင်ရေး ဆောင်ရွက်ပေးခြင်းဖြင့် ရထားစီးခရီးသည်များနှင့် ခရီးသွားများကို ပိုမိုဆွဲဆောင်စေနိုင်မည်ဖြစ်ကြောင်း။

ဇီးပင်ကြီး-ပြင်ဦးလွင်-နောင်ချို-သီပေါ မီးရထားလမ်းကြောင်း၊ သာစည်-ကလော-တောင်ကြီး-နောင်ကား မီးရထားလမ်းကြောင်းတို့အား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်ပြီး ပုံမှန်အတိုင်း ပြေးဆွဲပေးနိုင်ရန်လိုကြောင်း၊ လမ်းကြောင်းတစ်လျှောက်ရှိ လွန်းထိုးရှောင်လမ်းများ ရှာဖွေ၍ လွန်းထိုးများလျှော့ချခြင်း၊ အဆင့်မြှင့်တင်ခြင်းများကိုဆောင်ရွက်ပေးသွားရန်လိုကြောင်းနှင့် အခြား လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ရထားပို့ဆောင်ရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှု မှတ်တမ်း Video Clip အား ကြည့်ရှုကြသည်။

ယင်းနောက် ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့် မြန်မာ့မီးရထားမှ တာဝန်ရှိသူများက မြန်မာ့မီးရထားသမိုင်းအကျဉ်း၊ လက်ရှိပြေးဆွဲလျက်ရှိသည့် ရထားလမ်းပိုင်းများနှင့် လူစီးရထားများ၊ ကုန်ရထားများ ပြေးဆွဲလျက်ရှိမှု၊ ၂၀၂၁ ခုနှစ်မှ ၂၀၂၆ ခုနှစ်အထိ ရထားလမ်းပိုင်း၊ တံတားနှင့်ဘူတာရုံများ အသစ်တည်ဆောက်ခြင်း ပြုပြင်ခြင်းများဆောင်ရွက်ခဲ့မှု၊ မီးရထားစက်ခေါင်းသစ်များ တပ်ဆင်ထုတ်လုပ်ခဲ့မှု၊ ဘက်ထရီလျှပ်စစ်စက်ခေါင်းသစ်များ တည်ဆောက်ထုတ်လုပ်နေမှုနှင့် ထုတ်လုပ်တပ်ဆင်ပြီးသည့် ဘက်ထရီလျှပ်စစ်စက်ခေါင်းများဖြင့် ပြေးဆွဲလျက်ရှိမှု၊ ရေနွေးငွေ့စက်ခေါင်းများ ပြန်လည်ပြုပြင်မွမ်းမံထားရှိမှု၊ DEMU များ ရောက်ရှိပြေးဆွဲလျက်ရှိမှု၊ ၂၀၂၁ ခုနှစ်မှ ၂၀၂၆ ခုနှစ်အထိ တွဲအသစ်များဝယ်ယူတည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့မှု၊ လက်ရှိဆောင်ရွက်နေသည့် စက်ခေါင်းနှင့်တွဲ ပြောင်းလဲတည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ ဘက်ထရီလျှပ်စစ်ရထားတွဲ (Battery Electric Multiple Unit – BEMU) တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှု၊ ရထားလမ်းပိုင်းများနှင့် တံတားများ ဆက်လက်တည်ဆောက်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည့်အခြေအနေများ၊ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းတည်နေရာနှင့် သမိုင်းအကျဉ်း၊ ဖွဲ့စည်းပုံ၊ လေ့ကျင့်ရေးနှစ်အလိုက် သင်တန်းများ ဖွင့်လှစ်သင်ကြားလျက်ရှိမှု၊ မြန်မာ့မီးရထားဆိုင်ရာသင်တန်းများတွင် စစ်သည်သင်တန်းသားများ ပါဝင်တက်ရောက်လျက်ရှိမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက ရထားလမ်းအဆင့်မြှင့်တင်ခြင်းများ၊ ဘူတာရုံအသစ်များတည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ရာတွင် စနစ်တကျဖြင့် ကြိုတင်တွက်ချက်ပြီးမှသာ တည်ဆောက်သွားရန်လိုပြီး ထိုသို့ဆောင်ရွက်ခြင်းဖြင့် ပြင်ဆင်ထိန်းသိမ်းစရိတ်များကို များစွာလျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ရေနွေးငွေ့သုံးမီးရထားစက်ခေါင်းများအား ပြည်တွင်း၊ ပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်ရန်အတွက် ပြန်လည်ပြင်ဆင်ပြေးဆွဲနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း။

မီးရထားတွဲများ တည်ဆောက်မှုနှင့်ပတ်သက်၍ ရေရှည်ကိုကြည့်ပြီး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဘက်ထရီစက်ခေါင်းဖြင့် မောင်းနှင်ခြင်းနှင့် လျှပ်စစ်ကြိုးသွယ်တန်း၍ မောင်းနှင်ခြင်းတို့၏ အားသာချက်နှင့် အားနည်းချက်များကို ဖော်ထုတ်သွားရန် လိုကြောင်း။

မီးရထားဝန်ထမ်းများ ဖွဲ့စည်းခန့်အပ်ထားရှိမှုနှင့်ပတ်သက်၍လည်း စနစ်တကျရှိစေရေးဆောင်ရွက်သွားရန်လိုကြောင်း၊ သက်ဆိုင်ရာအဆင့်အလိုက် ရာထူးများခန့်အပ်ခြင်း၊ ထောက်ပံ့ရေးစရိတ်များ ထုတ်ပေးခြင်းနှင့် လိုအပ်သည့်ထောက်ပံ့မှုများကိုလည်း ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် သင်တန်းဖွင့်လှစ်သည်မှစတင်၍ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်သွားရန်လိုကြောင်း၊ အခြားနိုင်ငံများ၏ ရထားပို့ဆောင်ရေးနှင့်ပတ်သက်သည့် ဖွင့်လှစ်လျက်ရှိသော သင်တန်းများကိုလည်း လေ့လာဆောင်ရွက်သွားရန်လိုကြောင်း၊ နောင်အနာဂတ်တွင် မီးရထားပြေးဆွဲမှုအား ပုဂ္ဂလိကနှင့်ပူးပေါင်း၍ ဆောင်ရွက်နိုင်ရေးအတွက်လည်း ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြား ဆွေးနွေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ (နေပြည်တော်)အတွင်း၌ ဘက်ထရီလျှပ်စစ်ရထားတွဲဆိုင်း (BEMU) များ၊ ဘက်ထရီလျှပ်စစ်စက်ခေါင်းသစ် (BEL)များနှင့် ဘက်ထရီတွဲများ တည်ဆောက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက ဘက်ထရီလျှပ်စစ်ရထားတွဲဆိုင်း (BEMU)များကို ရန်ကုန်မြို့ပတ်နှင့် ခရီးတိုလမ်းပိုင်းများအတွက် သာမက ခရီးရှည်များတွင် အသုံးပြုနိုင်ရေးအတွက်လည်း ဆက်လက်ဆောင်ရွက်သွားကြရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ကျိုက်ထိုမြို့နယ်၌ လယ်ယာမြေအဆင့်မြှင့်တင်ဖော်ထုတ်ခြင်းလုပ်ငန်းဆောင်ရွက်

ကျိုက်ထို မေ ၁၄

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် မွန်ပြည်နယ်အစိုးရအဖွဲ့၏ခွင့်ပြုရန်ပုံငွေဖြင့် လယ်ယာမြေအဆင့်မြှင့်တင်ခြင်း(စနစ်ကျ) ဧက ၂၀၀ ဖော်ထုတ်ခြင်း လုပ်ငန်းကို ကျိုက်ထိုမြို့နယ် စက်မှုလယ်ယာ ဦးစီးဌာန အမှတ်(၈၃) စက်မှုလယ်ယာစခန်းက မေ ၁၄ ရက် နံနက်ပိုင်းတွင် ကျိုက်ထိုမြို့နယ် ကျိုက္ကသာကျေးရွာသောင်ကွင်း၌ ဆောင်ရွက်ခဲ့သည်။



ယင်းသို့ ဆောင်ရွက်ရာတွင် ကျိုက်ထိုခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးကံစောလှိုင်နှင့် မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးအရာရှိ ဦးသက်ဇော်က လယ်ယာမြေ အဆင့်မြှင့်တင်ခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများကို တောင်သူများအား ရှင်းလင်းပြောကြားပြီး လုပ်ငန်းဆောင်ရွက်မှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **ပြည့်ဖြိုး(ပြန်/ဆက်)**

## ပေါင်မြို့နယ်၌ မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြော

ပေါင် မေ ၁၄

မွန်ပြည်နယ် ပေါင်မြို့နယ်၌ သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ညောင်ကုန်းလေးကျေးရွာ ဓမ္မာရုံ၌ ပြုလုပ်သည်။

**ဟောပြောဆွေးနွေး**

ဦးစွာ သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးဇော်လွင်ဦးက သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေး ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **မွန်မလေး(ပြန်/ဆက်)**



# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ မကွေးတိုင်းဒေသကြီးအတွင်းရှိ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံ

## ပြည်သူကအားကိုးသည့် ဥပဒေပြုမဏ္ဍိုင်ဖြစ်လာစေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

**မကွေး မေ ၁၄**

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီသည်မကွေးတိုင်းဒေသကြီး အတွင်းရှိ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်၊ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်များ အား ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီးလွှတ်တော် ဗိုလ်မင်းရောင်ခန်းမ၌ တွေ့ဆုံ သည်။




ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ မကွေးတိုင်းဒေသကြီးအတွင်းရှိ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**အကောင်အထည်ဖော် ဆောင်ရွက်**

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ဥပဒေပြုမဏ္ဍိုင်ခိုင်မာရေး နှင့် ဥပဒေအကာအကွယ်အောက် တွင် ပြည်သူများ အေးချမ်းစွာ နေနိုင်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက် ရေးအတွက် ဆောင်ရွက်ပေးနေ သော ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပါစေဟု ဆုမွန်ကောင်း တောင်းအပ်ပါကြောင်း၊ ယခုအခါ ရွေးကောက်ပွဲမှ တစ်ဆင့် လွှတ်တော်များ ပေါ်ပေါက်လာပြီး ဖြစ်သည့်အတွက် လွှတ်တော်၏ ကဏ္ဍကို ပြည်သူများ ပိုမိုသိရှိ အောင် ဆောင်ရွက်ကြရမည်ဖြစ် ပါကြောင်း၊ ယခုပေါ်ပေါက်လာသည့် လွှတ်တော်များသည် မဲဆန္ဒရှင် ပြည်သူများက အခက်အခဲ အကျပ် အတည်းကြားထဲမှ မိမိတို့ဆန္ဒ အမှန်ကို ရဲရဲတင်းတင်း ဖော်ထုတ် သည့်အနေဖြင့် ကိုယ်တိုင် ဆန္ဒမဲပေး ရွေးချယ်ခဲ့ခြင်းကြောင့် အထမြောက် အောင်မြင်စွာ ဖြစ်မြောက်ခဲ့သည့် ရွေးကောက်ပွဲ ၏ ရလဒ်တစ်ခုဖြစ်ပါကြောင်း၊ ထို့ကြောင့် လွှတ်တော်ကိုယ်စား လှယ်များအနေဖြင့် မိမိတို့ကို မဲပေးခဲ့သည့် မဲဆန္ဒရှင်ပြည်သူများ ၏ ယုံကြည်မှုနှင့် မျှော်လင့်ချက် များကို အလေးထား အကောင် အထည်ဖော် ဆောင်ရွက်ပေးကြ စေလိုကြောင်း၊ လွှတ်တော်၏ အဓိက လုပ်ငန်းတာဝန်သည် ဥပဒေပြုရေး ဖြစ်သည့်အတွက် နိုင်ငံတော် တိုးတက်ရေးနှင့် ပြည်သူများ အကျိုးဖြစ်ထွန်းစေ မည့် ဥပဒေများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အသစ်ပြဋ္ဌာန်းခြင်း များကို မိမိတို့ လွှတ်တော် သက်တမ်းတွင် ပိုမိုပြီးပြည့်စုံ အောင် ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ လွှတ်တော် အနေဖြင့် လက်ရှိဖြစ်ပေါ်နေသော အခြေအနေများအပေါ် သုံးသပ်ပြီး နေ့စဉ် ပြည်သူလူထု၏ လူမှုစီးပွား ဘဝ လုံခြုံစိတ်ချစွာနေနိုင်သည့် ဥပဒေအသစ်များကိုလည်း ပြဋ္ဌာန်း နိုင်ရေး သုံးသပ်ဆောင်ရွက်ကြ စေလိုပါကြောင်း။

ထိုကဲ့သို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ နိုင်ငံရေးပါတီများ အပြန်အလှန် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရ မည်ဖြစ်ပါကြောင်း၊ လွှတ်တော် သည် အစိုးရနှင့် ပြည်သူလူထု အကြား ပေါင်းကူးဆောင်ရွက်ပေး ရသည့် ကြားခံအဖွဲ့အစည်း တစ်ရပ်ဖြစ်ပါကြောင်း၊ နိုင်ငံတော် လုံခြုံရေး၊ ပြည်သူလူထု အေးချမ်း သာယာရေးအတွက် ယခင် ဖျက်သိမ်းခဲ့သည့် ဥပဒေများအား ပြန်လည်စိစစ်သွားရမည် ဖြစ်ပါ ကြောင်း၊ လွှတ်တော်တွင်အမြဲတမ်း ကော်မတီများ ဖွဲ့စည်းဆောင်ရွက် ထားပြီးဖြစ်ပါကြောင်း၊ လာမည့် လွှတ်တော် အစည်းအဝေးတွင် ယာယီကော်မတီများကိုလည်း ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ် ပြီး လွှတ်တော်တွင် ဖွဲ့စည်းထား သည့်ကော်မတီများက လွှတ်တော် လုပ်ငန်းစဉ်များ ပိုမိုထိရောက် စေရန် အဓိကအထောက်အကူပြု ရမည် ဖြစ်ပါကြောင်း၊ ထို့အပြင် မိမိတို့လွှတ်တော်သည် နိုင်ငံတကာ ပါလီမန်များအဖွဲ့နှင့် အာဆီယံ ပါလီမန်များ ညီလာခံ၏ အဖွဲ့ဝင် ဖြစ်သည့်အတွက် ပူးပေါင်း ဆောင်ရွက် သွားရမည်ဖြစ်၍ လွှတ်တော် ကိုယ်စားလှယ်များ အနေဖြင့်လည်း အမြင်ကျယ်ကျယ် ဖြင့် ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရက် (၁၀၀)စီမံကိန်းများ ဆောင်ရွက် လျက်ရှိရာ လွှတ်တော်ကိုယ်စား လှယ်များအနေဖြင့် နိုင်ငံတော် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသ တွင်းဖွံ့ဖြိုးတိုးတက်စေရေးအတွက် မိမိတို့ လုပ်ဆောင်နိုင်သည့် အခန်း ကဏ္ဍမှ ပူးပေါင်းဆောင်ရွက်သွား စေလိုပါကြောင်း၊ ပြည်သူလူထု အကျိုးကို ပိုမိုနီးကပ်စွာ ဆောင်ရွက် နိုင်ရေး လွှတ်တော်ကိုယ်စားလှယ် ရုံးများ ဖွင့်လှစ်သွားရမည်ဖြစ်ပါ ကြောင်း၊ လွှတ်တော်အခန်းကဏ္ဍ ကို ပြည်သူများ ပိုမိုသိရှိစိတ်ဝင်စား လာစေရန်အတွက် လွှတ်တော်၏ ဆောင်ရွက်ချက်များကို လူကြီး လူငယ်မရွေး၊ နိုင်ငံအကျိုးပြုအဖွဲ့ အစည်းများ အပါအဝင် အလွှာ အသီးသီးမှ လူပုဂ္ဂိုလ်များအား လွှတ်တော်၏ ဆောင်ရွက်ချက် များကို မျက်မြင်ကြည့်ရှုနိုင်ရန် အတွက် စီစဉ်ဆောင်ရွက်ပေးရန် လိုပါကြောင်း၊ လွှတ်တော် ၏ ဆောင်ရွက်ချက်များအား သတင်းစာ၊ မီဒီယာများမှတစ်ဆင့် တိတိကျကျ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်နိုင်ရေး ဆောင်ရွက်သွား ရန်လိုပါကြောင်း။

ပြည်သူနှင့် ထိတွေ့ရန် ကွင်းဆင်းဆောင်ရွက်ပြီး ပြည်သူ့ အသံများကို လွှတ်တော်အတွင်း ရောက်ရှိအောင် ဆောင်ရွက်ပေး ကြသည့် လွှတ်တော်ကိုယ်စား လှယ်များအနေဖြင့် ကျင့်ဝတ် သိက္ခာပိုင်းနှင့် စပ်လျဉ်း၍ ဥပဒေ ပြဋ္ဌာန်းချက်ပါအတိုင်း တိတိ ကျကျ လိုက်နာစောင့်ထိန်းကြရန် လိုအပ်ပါကြောင်း၊ လွှတ်တော် ကိုယ်စားလှယ်များ အနေဖြင့် ပြည်သူများနှင့် အမြဲမပြတ်တွေ့ဆုံ ဆွေးနွေးကာ ပြည်သူများ၏ တင်ပြချက်များကို အလေးထား မှတ်သားပြီး လွှတ်တော်တွင် ပြည်သူများ၏ လိုအပ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက် ပေးရမည် ဖြစ်ပါကြောင်း၊ လွှတ်တော် ကိုယ်စားလှယ်များ အနေဖြင့် မိမိတို့ မဲဆန္ဒနယ် အသီးသီးတွင် ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်စဉ်က ပြည်သူ ကို ကတိပေးခဲ့သည့် အချက်များ နှင့် ပတ်သက်၍ လွှတ်တော်တွင် အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် ပြည်သူက အားကိုးသည့် ဥပဒေပြုမဏ္ဍိုင် ဖြစ်လာစေရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် လိုအပ်ပါ ကြောင်း ပြောကြားသည်။

ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက် လာကြသည့် ရွေးကောက်ခံ လွှတ်တော်ကိုယ်စား လှယ်များက ကိုယ်စားလှယ်ရုံး ဖွင့်လှစ်နိုင်ရေးနှင့် မဲဆန္ဒနယ် ဆိုင်ရာ လိုအပ်ချက်အခက်အခဲ များကို တင်ပြကြပြီး မကွေးတိုင်း ဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် မကွေးတိုင်းဒေသကြီး အစိုးရ အဖွဲ့မှ တာဝန်ရှိသူများကပြန်လည် ရှင်းလင်းဆွေးနွေးကာ ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌက ပေါင်းစပ် ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌသည် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး တို့နှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်ဌေးက လွှတ်တော် တွင် ဖွဲ့စည်းထားသော ကော်မတီ များ၏ ဖွဲ့စည်းခြင်းဆိုင်ရာကိစ္စရပ် များ၊ ကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြချက်များအပေါ် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက လိုအပ်သည်များကို မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌသည် မကွေး တိုင်းဒေသကြီး လွှတ်တော်အစည်း အဝေးခန်းမအား ကြည့်ရှုစစ်ဆေး ပြီး ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးခဲ့သည်။

**သတင်းစဉ်**

# ဥပဒေမူကြမ်းရေးဆွဲခြင်း အလုပ်ရုံဆွေးနွေးပွဲနှင့် ဥပဒေရေးရာအဖြာဖြာနှင့် လွှတ်တော် ဟောပြောပွဲပိတ်ပွဲကျင်းပ

**ရန်ကုန် မေ ၁၄**

ဥပဒေမူကြမ်းရေးဆွဲခြင်း အလုပ်ရုံဆွေးနွေးပွဲ နှင့် ဥပဒေရေးရာအဖြာဖြာနှင့် လွှတ်တော် ဟောပြောပွဲ ပိတ်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ရုံး ပုလဲခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း ဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင်၊ လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုး၊ ဟောပြောဆွေးနွေးကြ သည့် ဆရာကြီး ဆရာမကြီးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ဒုတိယဥက္ကဋ္ဌတို့က ဟောပြောဆွေးနွေးကြသည့် ဆရာကြီး ဆရာမကြီး များအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရ လက်ဆောင်များပေးအပ်ပြီး ဆွေးနွေးပွဲတက်ရောက် ကြသည့် လွှတ်တော်ကိုယ်စားလှယ်များအား အသိ အမှတ်ပြုလက်မှတ်များ ပေးအပ်ကြသည်။

**သတင်းစဉ်**



# ကြာအင်းဆိပ်ကြီးမြို့နယ်၌ မိုးရာသီ စိုက်ပျိုးစရိတ် တိုးမြှင့်ချေးငွေပေးအပ်

**ကြာအင်းဆိပ်ကြီး မေ ၁၄**

ကရင်ပြည်နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ကြာအင်းဆိပ်ကြီးမြို့နယ်ဘဏ်ခွဲက မိုးရာသီစိုက်ပျိုး စရိတ်တိုးမြှင့်ထုတ်ချေးငွေပေးအပ်ပွဲကို ယမန်နေ့မွန်းလွဲ ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧည့်ရိပ်သာခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကျော်ညွန့်က အမှာစကားပြောကြားပြီး မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာ ဦးနေဝင်းအောင်က ချေးငွေထုတ်ပေးမှုနှင့်သတ်မှတ် ကာလအတွင်း ပြန်လည်ပေးဆပ်ရမည့် ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ကမော့ကျေးရွာအုပ်စုရှိ တောင်သူ ၅၂ ဦးအား ချေးငွေကျပ်သိန်းပေါင်း ၁၃၅၆ ကိုပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ဆီဖူလုံကာ အသားတိုးထုတ်ဖို့ ပဲပုပ်စိုက်ကြစို့

ပီပီအိုင်ဘီ

ပဲပုပ်သည် နိုင်ငံအတွင်းထွက်ရှိသော ပဲမျိုးစုံသီးနှံများအနက် ပြည်ပနိုင်ငံ (အထူးသဖြင့် တရုတ်နှင့် အိန္ဒိယနိုင်ငံ)တို့သို့ တင်ပို့ရောင်းချပြီး နိုင်ငံခြားငွေ အများဆုံးရှာဖွေပေးနေသော သီးနှံတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံတွင် စိုက်ပျိုးဖြစ်ထွန်းသော ပဲမျိုးစုံသီးနှံများတွင် ပဲပုပ်သည် မြေပဲကဲ့သို့ စားသုံးဆီထုတ်လုပ်နိုင်သည့် သီးနှံတစ်မျိုးဖြစ်သည်။ ပဲပုပ်ကို အထွက်တိုးအောင် ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ပါက ပြည်တွင်း စားသုံးဆီဖူလုံမှုကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်သည်ကို လေ့လာချက်များအရ တွေ့ရှိရသည်။ ထို့အပြင် ပဲပုပ်ကြိတ်ဖတ်ကိုလည်း တိရစ္ဆာန်အစာအဖြစ် အသုံးပြုနိုင်ခြင်းကြောင့် တောင်သူဦးကြီးများ ဝင်ငွေတိုးတက်မြင့်မားရေးအတွက် များစွာအထောက်အကူပြုမည့် သီးနှံလည်းဖြစ်ပါသည်။

ကျွန်တော်တို့ မြန်မာနိုင်ငံသားများ နေ့စဉ်စားသုံးနေသော အစားအစာများတွင် စားသုံးဆီတစ်မျိုးမျိုးကို မဖြစ်မနေသုံးစွဲနေကြရသည်။ ထိုသို့သုံးစွဲသည့် စားသုံးဆီသည် အရည်အသွေးပြည့်မီသည့် စားသုံးဆီဖြစ်ရန် လိုအပ်ပါသည်။ ကုန်စုံဆိုင်တစ်ဆိုင်ရှိ စားသုံးဆီများထားရာနေရာတွင် ထုပ်ပိုးမှုပုံစံ သေသပ်စွာဖြင့် ခင်းကျင်းထားသော စားသုံးဆီဘူးများ၌ မြေပဲဆီ၊ နေကြာဆီ၊ ဟင်းသီးဟင်းရွက်ဆီများနှင့် ယှဉ်တွဲလျက် ပါဝင်နေသော စားသုံးဆီတစ်မျိုးမှာ ပဲပုပ်ဆီ (Soy Bean Oil) ဖြစ်သည်။ Cook Soybean Oil၊ Yarthetpan Soybean Oil၊ Meizan Soybean Oil နှင့် ထိုင်းစာတန်းပါ ပဲပုပ်ဆီ စသည်ဖြင့် အမည်အမျိုးမျိုးကို ပြည်တွင်းဈေးကွက်အတွင်း တွေ့ရှိရပါသည်။ အဆိုပါ ဆီအများစုသည် ပြည်ပမှ အဓိကတင်သွင်းထားခြင်းဖြစ်သဖြင့် စားသုံးသူဈေးကွက်ကြီးမားစွာရှိသည့် ပဲပုပ်ဆီကို ပြည်တွင်း၌ မဖြစ်မနေထုတ်လုပ်သုံးစွဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။

**ဈေးကွက်ကျယ်ပြန့်စွာရှိသည့် သီးနှံအမျိုးအစားလည်းဖြစ်**

ပဲပုပ်သည် အာဟာရဓာတ်ကြွယ်ဝစွာပါဝင်သည့် သီးနှံတစ်ခုဖြစ်ပြီး စိုက်ပျိုးသည့် ပဲပုပ်မျိုး ကွဲပြားမှုအပေါ်မူတည်၍ ပျမ်းမျှအားဖြင့် အသားဓာတ် ၄၀ ရာခိုင်နှုန်း၊ ဆီ ၂၀ ရာခိုင်နှုန်း အသီးသီး ပါဝင်ကြောင်း တွေ့ရှိရသည်။ ဆီထွက်ပဲပုပ် တစ်တင်းကို ဆီကြိတ်ခွဲလျှင် စားသုံးဆီ သုံးပိဿာခန့်နှင့် ကြိတ်ဖတ် ၁၆ ပိဿာခန့် ထွက်ရှိကြောင်း တွေ့ရသည်။ ပဲပုပ်ဆီသည် ကျန်းမာရေးကို များစွာအထောက်အကူပြုကြောင်း ကျန်းမာရေးသုတေသီများက လေ့လာဖော်ထုတ်ထားကြပြီး ကမ္ဘာ့ထိပ်တန်းစားသုံးဆီများတွင် ပါဝင်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ပဲပုပ်ကို ဆီထုတ်ပြီးနောက် ကျန်ရှိသည့် ကြိတ်ဖတ်တွင်လည်း အသားဓာတ် ကြွယ်ဝစွာပါရှိသည့်အပြင် တိရစ္ဆာန်များအတွက် လိုအပ်သည့် အမိုင်နိုအက်စစ် မြောက်မြားစွာ ပါဝင်သဖြင့် တိရစ္ဆာန်အစာအဖြစ် အသုံးပြုကြရာ ဈေးကွက်ကျယ်ပြန့်စွာရှိသည့် သီးနှံအမျိုးအစားလည်း ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ တိရစ္ဆာန်မွေးမြူရေးကဏ္ဍတွင် ပြည်တွင်းဆီစက်များမှထွက်ရှိသော ဆီကြိတ်ဖတ်များဖြစ်သည့် ပဲဖတ်၊ နှမ်းဖတ်၊ နေကြာဖတ်၊ မုန်ညင်းဖတ်၊ ပန်းနှမ်းဖတ်၊ ပဲပုပ်ဖတ် စသည်တို့အနက် လက်ရှိတွင် ပဲပုပ်ဖတ်ကို တိရစ္ဆာန်အစာစက်ရုံများတွင် အသုံးပြုမှုများပြားပြီး ပြည်တွင်းဝယ်လိုအားများရှိကာ ဈေးကောင်းရရှိသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် အကျိုးအမြတ်သေချာပြီး မြေပဲထက်ပင် အမြတ်ငွေပိုမိုရရှိနိုင်မည်ဖြစ်သည့်အတွက် ပဲပုပ်စိုက်ပျိုးသည့် တောင်သူဦးကြီးများ အကျိုးအမြတ်များမည်မှာ သေချာသောသီးနှံဖြစ်သည်။ ပြည်တွင်းလိုအပ်ချက်များသည့်အတွက် တိုးချဲ့စိုက်ပျိုးသင့်သော သီးနှံတစ်မျိုးလည်းဖြစ်ပါသည်။

ကမ္ဘာ့နိုင်ငံများ၏ ပဲပုပ်ထုတ်လုပ်မှုကို လေ့လာကြည့်ပါက ဘရာဇီး၊ အမေရိကန်နှင့် အာဂျင်တီးနားနိုင်ငံတို့သည် ပဲပုပ်သီးနှံအများဆုံး စိုက်ပျိုးထုတ်လုပ်ကြပြီး ကမ္ဘာ့ပဲပုပ်စိုက်ပျိုးထုတ်လုပ်မှု၏ ၈၀ ရာခိုင်နှုန်းခန့်အထိ စိုက်ပျိုးထုတ်လုပ်ကြသည်ကို တွေ့ရှိရသည်။ အမေရိကန်နိုင်ငံအနေဖြင့် နိုင်ငံအတွင်း ဆီထွက်သီးနှံမှ စားသုံးဆီထုတ်လုပ်မှု၏ ၉၀ ရာခိုင်နှုန်းကျော်ကို ပဲပုပ်မှထုတ်လုပ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ပဲပုပ်ကို ကမ္ဘာတစ်ဝန်းလုံးရှိ စိုက်ပျိုးနိုင်သောမြေ၏ ခြောက်ရာခိုင်နှုန်းခန့်တွင် စိုက်ပျိုးလျက်ရှိပြီး နှစ်စဉ်တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ ပဲပုပ်ကို အများဆုံးတင်သွင်းသည့် နိုင်ငံများမှာ တရုတ်၊ အီးယူ၊ မက္ကဆီကို၊ ဂျပန်၊ ထိုင်း၊ အီဂျစ်နှင့် အင်ဒိုနီးရှားနိုင်ငံတို့ဖြစ်ကြောင်းလည်း လေ့လာတွေ့ရှိရပါသည်။



**ရှမ်းပြည်နယ်၌ အဓိကစိုက်ပျိုး**

ကျွန်တော်တို့မြန်မာနိုင်ငံသည် ဆီထွက်ပဲပုပ်သီးနှံ စိုက်ပျိုးထုတ်လုပ်ရန် အရင်းအမြစ်များစွာရှိသကဲ့သို့ ရှေးနှစ်ပေါင်းများစွာကပင် စိုက်ပျိုးထုတ်လုပ်ခဲ့ကြသည်ကို လေ့လာတွေ့ရှိရသည်။ ပဲပုပ်ကို ရှမ်းပြည်နယ်၌ အဓိကစိုက်ပျိုးသည်ကို တွေ့ရှိရပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စိုက်ဧက **၂၅၉၁၂၃** ဧကရှိသည့်အနက် ရှမ်းပြည်နယ်က ဧက **၁၂၆၈၆၀** စိုက်ပျိုးခဲ့သဖြင့် တစ်နိုင်ငံလုံး ပဲပုပ်စိုက်ဧက၏ ၅၀ ရာခိုင်နှုန်းနီးပါးရှိကြောင်း တွေ့ရှိရသည်။ ကချင်ပြည်နယ်၊ စစ်ကိုင်း၊ မန္တလေးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင်လည်း စုစုပေါင်း ဧကတစ်သိန်းကျော်စိုက်ပျိုးကြပြီး တစ်နိုင်ငံလုံး၌ ပဲပုပ်တစ်ဧက ပျမ်းမျှအထွက်နှုန်း ၁၈ တင်းကျော် ထွက်ရှိသည်။ အထွက်နှုန်းအကောင်းဆုံးမှာ ပဲခူးတိုင်းဒေသကြီးဖြစ်ပြီး တစ်ဧက ပျမ်းမျှအထွက်နှုန်း တင်း ၂၀ ကျော်အထိ ထွက်ရှိကြောင်းတွေ့ရှိရပါသည်။ ပဲပုပ်ကို သီးသန့်သော်လည်းကောင်း၊ အစေ့ထုတ်ပြောင်း၊ နေကြာသီးနှံတို့နှင့်အတူ သီးညှပ်သီးနှံအဖြစ်လည်းကောင်း စိုက်ပျိုးကြသည်။ ပဲပုပ်သည် တစ်ရာသီခံ သီးနှံပင်ဖြစ်ပြီး ရှမ်းပြည်နယ်၌ မိုးရာသီနှင့် ဆောင်းရာသီတို့တွင် စိုက်ပျိုးကြကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် စပါးရိတ်သိမ်းအပြီး ဆောင်းရာသီ၌ သီးထပ်သီးနှံအဖြစ် စိုက်ပျိုးကြသည်ကို တွေ့ရှိရသည်။ ထိုသို့ သီးထပ်စိုက်ပျိုးမည်ဆိုပါက နောက်အကျဆုံး အောက်တိုဘာလကုန်တွင် ရိတ်သိမ်းနိုင်သည့် သက်လတ်မိုးစပါးမျိုးကို စိုက်ပျိုးသင့်ကြောင်း စိုက်ပျိုးရေးပညာရှင်များက အကြံပြုထားသည်ကို လေ့လာသိရှိရပါသည်။

နိုင်ငံတော်ကို စိုက်ပျိုးရေးစွမ်းအားရှိသည့်နိုင်ငံ (Agricultural Power Country)အဖြစ် ရပ်တည်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးရေးထုတ်ကုန်များကို တိုးတက်ထုတ်လုပ်နိုင်ရန် လိုအပ်ပါသည်။ ထုတ်လုပ်ရရှိလာသော လယ်ယာစိုက်ပျိုးရေး ထွက်ကုန်ပစ္စည်းများမှ ပိုလျှံသည်များကို ပြည်ပသို့တင်ပို့နေသည့်နည်းတူ ပြည်တွင်းသို့ ပြန်လည်တင်တွင်းနေရသည့် ကုန်ပစ္စည်းများကိုလည်း အစားထိုးနိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ မျက်မှောက်ကာလ၌ နိုင်ငံသူ နိုင်ငံသားများ၏ နေ့စဉ်လူမှုဘဝတွင် မဖြစ်မနေသုံးစွဲနေရသည့် စားသုံးဆီများ၏ လိုအပ်ချက်မြင့်မားလျက်ရှိရာ ပြည်ပနိုင်ငံများမှ နှစ်စဉ် ပမာဏများပြားစွာ မှာယူတင်သွင်းနေရသည့်အတွက် မလိုအပ်ဘဲ နိုင်ငံခြားသုံးငွေအမြောက်အမြား သုံးစွဲနေကြရသည်ကို တွေ့ရှိရသည်။ အဓိကအားဖြင့် ပြည်ပမှ မှာယူတင်သွင်းနေရသည့် စားသုံးဆီများမှာ စားအုန်းဆီ၊ နေကြာဆီ၊ ပဲပုပ်ဆီ၊ မုန်ညင်းဆီနှင့် သံလွင်ဆီတို့ဖြစ်ကြောင်း တွေ့ရှိရသည်။ ထို့အတူ တိရစ္ဆာန်မွေးမြူရေးကဏ္ဍအတွက် ပဲပုပ်ကြိတ်ဖတ်ကို တိရစ္ဆာန်အစာအဖြစ် အသုံးပြုနိုင်ရေး ပြည်ပမှ နှစ်စဉ်တန်ချိန်များစွာ မှာယူတင်သွင်းနေရသဖြင့် ပြည်တွင်းမှ စိုက်ပျိုးထွက်ရှိသော ပဲပုပ်ကို စားသုံးဆီအဖြစ် ကြိတ်ခွဲအသုံးပြုခြင်းဖြင့် နိုင်ငံတော်၏ စားသုံးဆီဖူလုံမှုကို အထောက်အကူဖြစ်စေမည့်အပြင် ထွက်ရှိလာသော ပဲပုပ်ကြိတ်ဖတ်ကို တိရစ္ဆာန်အစာအတွက် ပြန်လည်အသုံးပြုခြင်းဖြင့် ပြည်ပမှတင်သွင်းနေရမှုကို လျှော့ချနိုင်မည်ဖြစ်ပါသည်။

ထို့ကြောင့်လည်း ပြည်ပနိုင်ငံများမှ စားသုံးဆီတင်သွင်းမှုကို လျှော့ချပြီး ပြည်တွင်းစားသုံးဆီဖူလုံမှုရှိစေရန်အတွက် ဆီထွက်သီးနှံများတိုးချဲ့စိုက်ပျိုးရန် နိုင်ငံတော်က စီမံချက်များချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ပါသည်။ နိုင်ငံအတွင်းရှိ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပဲပုပ်ကြိတ်ဖတ်ကဲ့သို့သော အစာကုန်ကြမ်းသည်လည်း မရှိမဖြစ် လိုအပ်လျက်ရှိသည့်အတွက်ကြောင့် ပဲပုပ်သီးနှံသည် ပြည်တွင်းစားသုံးဆီဖူလုံမှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်သည့်အပြင် ပြည်ပမှ ပဲပုပ်ကြိတ်ဖတ်တင်သွင်းမှုကို လျှော့ချပေးနိုင်သည့် အလားအလာကောင်းသော သီးနှံတစ်ခုဖြစ်သည့်အတွက် ဆီထွက်ပဲပုပ်ကို မဖြစ်မနေ တိုးချဲ့စိုက်ပျိုးကြရမည်ဖြစ်ပါသည်။ ပဲပုပ်ကို သီးသန့်စိုက်ပျိုးထုတ်လုပ်ခြင်းအပြင် သီးထပ်၊ သီးညှပ်အဖြစ်ပါ တိုးချဲ့စိုက်ပျိုးကြရန် လိုအပ်မည်ဖြစ်ပါသည်။

**ပဲပုပ်ကို မဖြစ်မနေ တိုးချဲ့စိုက်ပျိုးထုတ်လုပ်ကြရမည်**

ကျွန်တော်တို့နိုင်ငံသားများသည် ပဲပုပ်ကို ပဲပင်ပေါက်၊ ပဲဟင်း၊ ဗယာကြော်၊ တို့ဟူး၊ ပဲနို့၊ ပဲပုပ်ဆော့၊ ပဲပုပ်ပြား၊ ပဲပြား၊ ဒိန်ချဉ်၊ ပဲပြားပူတင်း၊ ပဲပုပ်ထောင်း၊ ပဲပုပ်စေ့လှော်၊ ဆီတို့ဟူး၊ ကြာညို့၊ ပဲငံပြာရည်၊ ပဲမုန့် စသည်ဖြင့် အမျိုးမျိုးပြုလုပ်၍ စားသုံးကြသကဲ့သို့ ယခုအခါ ပဲပုပ်ဆီထုတ်လုပ်ခြင်းနှင့် ပဲပုပ်ကြိတ်ဖတ်ကို တိရစ္ဆာန်အစာအဖြစ်ပါ အသုံးပြုလာကြသောကြောင့် ပြည်တွင်းဈေးကွက် သေချာသည့်အပြင် ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်သည့်အတွက် ပဲပုပ်ကို မဖြစ်မနေ တိုးချဲ့စိုက်ပျိုးထုတ်လုပ်ကြရမည်ဖြစ်ပါသည်။ ပဲပုပ်ဆီကို အရည်အသွေးမြင့် ထုတ်ကုန်အဖြစ် ထုတ်လုပ်ရောင်းချနိုင်မည်ဆိုပါက စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင်မည့်အပြင် ပြည်တွင်းစားသုံးဆီ ဖူလုံမှုကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပြီး ပိုလျှံသည်များကိုလည်း ပြည်ပသို့ ပြန်လည်တင်ပို့ရောင်းချနိုင်မည်ဖြစ်ပါသည်။

စာမျက်နှာ ၇ သို့

> **❛ မျက်မှောက်ကာလ၌ နိုင်ငံသူ နိုင်ငံသားများ၏ နေ့စဉ်လူမှုဘဝတွင် မဖြစ်မနေသုံးစွဲနေရသည့် စားသုံးဆီများ၏ လိုအပ်ချက်မြင့်မားလျက်ရှိရာ ပြည်ပနိုင်ငံများမှ နှစ်စဉ် ပမာဏများပြားစွာ မှာယူတင်သွင်းနေရသည့်အတွက် မလိုအပ်ဘဲ နိုင်ငံခြားသုံးငွေအမြောက်အမြား သုံးစွဲနေကြရသည်ကို တွေ့ရှိရသည်။ ထို့အတူ တိရစ္ဆာန်မွေးမြူရေးကဏ္ဍအတွက် ပဲပုပ်ကြိတ်ဖတ်ကို တိရစ္ဆာန်အစာအဖြစ် အသုံးပြုနိုင်ရေး ပြည်ပမှ နှစ်စဉ် တန်ချိန်များစွာ မှာယူတင်သွင်းနေရသဖြင့် ပြည်တွင်းမှ စိုက်ပျိုးထွက်ရှိသော ပဲပုပ်ကို စားသုံးဆီအဖြစ် ကြိတ်ခွဲအသုံးပြုခြင်းဖြင့် နိုင်ငံတော်၏ စားသုံးဆီဖူလုံမှုကို အထောက်အကူဖြစ်စေမည့်အပြင် ထွက်ရှိလာသော ပဲပုပ်ကြိတ်ဖတ်ကို တိရစ္ဆာန်အစာအတွက် ပြန်လည်အသုံးပြုခြင်းဖြင့် ပြည်ပမှ တင်သွင်းနေရမှုကို လျှော့ချနိုင်မည် ❜**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ အစည်းအဝေး ကျင်းပ

## စစ်မှုထမ်းတာဝန်ကျေပွန်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများကို အလုပ်အကိုင်များ လုပ်ကိုင်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၁၄

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၂/၂၀၂၆)ကို ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး ထွန်းအောင် တက်ရောက်သည်။



အစည်းအဝေးသို့ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဝင်များဖြစ်သည့် ပြည်ထောင်စုဝန်ကြီးများ၊ အတွင်းရေးမှူး စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဟိန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ ဥက္ကဋ္ဌများဖြစ်သည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌက ယနေ့အထိ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၂)အထိ သင်တန်းဆင်းခဲ့ပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိကြောင်း၊ ၎င်းတို့ထဲမှ သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်၊ သူရဲကောင်းလက်မှတ်၊ ဂုဏ်ထူးဆောင်လက်မှတ်နှင့် အကြီးအကဲများ၏ ချီးကျူးဂုဏ်ပြုလက်မှတ်များရရှိခဲ့သူ ၁၁၅ ဦးထိရှိပြီဖြစ်ကြောင်း၊ လက်ရှိချိန်တွင် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂)ခု ဖွင့်လှစ်တက်ရောက်လေ့ကျင့်လျက်ရှိကြောင်း။

နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အဖွဲ့များအနေဖြင့် အင်အားအချက်အလက် အမှန်ရရှိရေး မိမိနယ်မြေအတွင်း အကျုံးဝင်သူ အင်အားစာရင်းကို သက်ဆိုင်ရာလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာနနှင့်ပေါင်းစပ်၍ စာရင်းပြုစုမှတ်ပုံတင်ထားရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထိုသို့ မှတ်ပုံတင်ထားသူများကို အလှည့်ကျစနစ်ဖြင့် ဆင့်ခေါ်နိုင်ရေး စီမံထားရှိရမည်ဖြစ်ကြောင်း။

ယခုအခါ စစ်မှုထမ်းကာလပြည့်မြောက်၍ တာဝန်ကျေပွန်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများကို သက်ဆိုင်ရာသင်တန်းများပေး၍ အစိုးရအမှုထမ်း၊ ပြည်ပအလုပ်အကိုင်များ၊ ကုမ္ပဏီအလုပ်အကိုင်များ၊ ပုဂ္ဂလိကအလုပ်အကိုင်များ၊ ကိုယ်ပိုင်အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်များ လုပ်ကိုင်နိုင်ရေးစတင်ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဥက္ကဋ္ဌများက သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုဆွေးနွေးရာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

❑ စာမျက်နှာ ၆ မှ

ပဲပုပ်စိုက်ပျိုးရန်အတွက် အထွက်နှုန်းကောင်းသော မျိုးကောင်းမျိုးသန့်များ ရရှိစိုက်ပျိုးနိုင်ရေးအတွက် မြန်မာ့ရေမြေရာသီဥတုနှင့် ကိုက်ညီသည့် မျိုးများအဖြစ် မိုးရာသီတွင် စိုက်ပျိုးမည်ဆိုပါက တောင်ပေါ်မြေပြန့်ဒေသ အားလုံးအတွက် ရေဆင်း ၃၊ ရေဆင်း ၆၊ ရေဆင်း ၁၁၊ ရေဆင်း ၁၂၊ ရေဆင်း ၁၄ နှင့် ရေဆင်း ၁၅ တို့မှာ သင့်တော်သောမျိုးများဖြစ်ပြီး မိုးနှောင်းရာသီ ကိုင်းကျွန်းမြေများတွင် အောက်တိုဘာလအတွင်း၌ စိုက်ပျိုးမည်ဆိုပါက ရေဆင်း ၃၊ ရေဆင်း ၆၊ ရေဆင်း ၁၁ နှင့် ရေဆင်း ၁၅ မျိုးတို့သည် သင့်တော်ကြောင်း စိုက်ပျိုးရေးပညာရှင်များက သုတေသနပြုဖော်ထုတ်ထားသည်ကို တွေ့ရှိရသည်။ စပါးရိတ်သိမ်းအပြီး သီးထပ်အဖြစ် စိုက်ပျိုးသောဒေသများအတွက် ရေဆင်း ၆၊ ရေဆင်း ၁၁ နှင့် ရေဆင်း ၁၅ မျိုးတို့ကို စိုက်ပျိုးသင့်ကြောင်းလည်း အကြံပြုထားသည်ကို တွေ့ရှိရပါသည်။ သုတေသနပြုချက်များအရ အဆိုပါပဲပုပ်မျိုးများသည် မြန်မာနိုင်ငံအတွက် သုတေသနပြုထုတ်လုပ်ထားသည့် အထွက်တိုးမျိုးများဖြစ်ပြီး အထွက်နှုန်း တစ်ဧကလျှင် ၂၈ တင်းမှ တင်း ၃၀ အထိ ထွက်ရှိနိုင်သောမျိုးများဖြစ်သည့်အတွက် တောင်သူဦးကြီးများအနေဖြင့် **မျိုး၊ မြေ၊ ရေ၊ နည်း** မှန်ကန်မျှတအောင် ဆောင်ရွက်စိုက်ပျိုးမည်ဆိုပါက အထွက်နှုန်းကောင်းကာ ဝင်ငွေတိုးမည်မှာ မြေကြီးလက်ခတ်မလွဲဖြစ်ပါသည်။

ယခုအခါ ပြည်တွင်းရှိ ဆီစက်လုပ်ငန်းများတွင် ဆီသန့်စင်စက်များပါ တပ်ဆင်ပြီး ထုတ်လုပ်လာကြပြီဖြစ်သဖြင့် အဆင့်အတန်းမီ ပဲပုပ်ဆီများကို ထုတ်လုပ်နိုင်ပြီဖြစ်ကြောင်း တွေ့ရှိရပါသည်။ ပဲပုပ်ဆီကို တိုးတက်ထုတ်လုပ်လာနိုင်ခြင်းဖြင့် ပြည်တွင်းစားသုံးဆီဖူလုံမှုကို များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကာ ပြည်ပမှ ပဲပုပ်ဆီတင်သွင်းမှုကို မလွဲမသွေလျှော့ချနိုင်မည်ဖြစ်သဖြင့် သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်ငန်းတစ်ခု ဖွံ့ဖြိုးတိုးတက်လာနိုင်သော သီးနှံဖြစ်ပါသည်။ တိရစ္ဆာန်အစာအဖြစ် အသုံးပြုရသည့် ပဲပုပ်ကြိတ်ဖတ်ကို ပြည်တွင်းရှိ တိရစ္ဆာန်မွေးမြူရေးဈေးကွက်တွင် ထိရောက်စွာ ပြန်လည်အသုံးချနိုင်မည်ဖြစ်သည့်အတွက် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာ အထောက်အကူပြုမည့် သီးနှံလည်း ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်အတွက် ပြည်ပသွင်းကုန် အစားထိုးလျှော့ချနိုင်ခြင်း၊ ပြည်တွင်းစားသုံးဆီထုတ်လုပ်မှုကဏ္ဍကို ဖွံ့ဖြိုးတိုးတက်စေခြင်း၊ တိရစ္ဆာန်မွေးမြူရေးကဏ္ဍကိုလည်း များစွာအထောက်အကူပြုခြင်းတို့ကြောင့် ဆီထွက်ပဲပုပ်ကို တိုးချဲ့စိုက်ပျိုးသင့်ပါကြောင်း **"ဆီဖူလုံကာ အသားတိုးထုတ်ဖို့ ပဲပုပ်စိုက်ပါစို့"** ဟု တိုက်တွန်းရေးသား တင်ပြလိုက်ရပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



နေပြည်တော် မေ ၁၄

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး Mr. Iskander Azizov အား ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် အာဆီယံ-ရုရှား ဆက်ဆံရေး (၃၅)နှစ်ပြည့်အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးကျင်းပရေးအတွက် ပြင်ဆင်ဆောင်ရွက်နေမှုဆိုင်ရာ ကိစ္စရပ်များနှင့် အာဆီယံ-ရုရှား မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး ပိုမိုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့ပြင် မြန်မာနှင့် ရုရှားနိုင်ငံတို့အကြား ရှိရင်းစွဲကာလရှည်ကြာ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုခိုင်မာရေးနှင့် ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များကိုလည်း ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

သတင်းစဉ်

# အစိုးရသစ်၏ ရက် (၁၀၀)စီမံကိန်းအဖြစ် ဆောင်ရွက်မည့် နှလုံးရောဂါအန္တရာယ် အကဲဖြတ်စနစ်စီမံချက်စတင်ကြောင်း အသိပေးအခမ်းအနားကျင်းပ



နေပြည်တော် မေ ၁၄

ကျန်းမာရေး ဝန်ကြီးဌာနက အစိုးရသစ်၏ ရက်ပေါင်း (၁၀၀) အတွင်း ဆောင်ရွက်မည့် စီမံကိန်း တစ်ခုဖြစ်သည့် နှလုံးရောဂါ အန္တရာယ် အကဲဖြတ်စနစ်စီမံချက် စတင်ကြောင်း အသိပေးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး၊ စီမံချက်ဆောင်ရွက်မည့် ဆေးရုံများမှ ပါမောက္ခများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ နှလုံးရောဂါအန္တရာယ် အကဲဖြတ်စနစ် စီမံချက်ကို ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မြန်မာ - တရုတ် နှစ်နိုင်ငံအကြား ပိုမိုချစ်ကြည်ရင်းနှီးမှုနှင့် ကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရှန်ကျန်း ကရုဏာဆေးပညာဆိုင်ရာ သိပ္ပံနှင့် နည်းပညာကုမ္ပဏီ Benefm မှ ဒုတိယဥက္ကဋ္ဌ Mr. Hu Cheng က စီမံချက်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခ/ဌာနမှူး (နှလုံးဆေးကု) ပါမောက္ခဒေါက်တာနွယ်နွယ်က နှလုံးရောဂါအန္တရာယ် အကဲဖြတ်စနစ်စီမံချက် အကောင်အထည်ဖော်မှုကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နှလုံးရောဂါ အန္တရာယ် အကဲဖြတ်စနစ် ဆောင်ရွက်ခြင်း ဗီဒီယိုနှင့် လူနာများတွင် AI ECG တပ်ဆင်ထားသည့် ဝတ်စုံများကို ဝတ်ဆင်၍ နှလုံးရောဂါအန္တရာယ်ကိုဆော့ဖ်ဝဲလ်များဖြင့် အဖြေထုတ်မှုကို ပြသသည်။

မြန်မာနိုင်ငံ နှလုံးရောဂါ အန္တရာယ် အကဲဖြတ်စနစ်စီမံချက်သည် မြန်မာ-တရုတ် ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်တစ်ရပ်အဖြစ် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မန္တလေးပြည်သူ့ဆေးရုံကြီး၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး၊ မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီးနှင့် ကန်သာယာဆေးရုံတို့တွင် လူဦးရေ တစ်သိန်းကို တစ်နှစ်အတွင်း ဆောင်ရွက်မည်ဖြစ်ပြီး နိုင်ငံတစ်ဝန်း လွှမ်းခြုံဆောင်ရွက်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကာ နှလုံးရောဂါဖြစ်နိုင်ခြေများသူများ၊ အားကစားသမားများ၊ လေယာဉ်မောင်းနှင်သူ (Pilot) များ၊ အဝေးပြေးယာဉ်၊ ခရီးသည်တင် ယာဉ်မောင်းများ သက်သောင့်သက်သာ ဝတ်ဆင်နိုင်သော AI ECG တပ်ဆင်ထားသည့် ဝတ်စုံကိုအသုံးပြု၍ မိမိတို့၏ နေ့စဉ်လုပ်ငန်းဆောင်တာများကို မထိခိုက်စေဘဲ ၂၄ နာရီပတ်လုံး နှလုံးရောဂါ အန္တရာယ် စစ်ဆေးမှုကို ပြုလုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



# အုတ်တွင်းမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများဆောင်ရွက်

အုတ်တွင်း မေ ၁၄

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ ဝန်ထမ်းများက ဒေသခံပြည်သူများ သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရန် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းအနေဖြင့် အဘိတ်(Abate) ဆေးခတ်ခြင်းကို ယနေ့နံနက်ပိုင်းက ကြက်သွန်ခင်း (၂)ရပ်ကွက်အတွင်း ဆောင်ရွက်ပေးလျက်ရှိသည်။

သောက်သုံးရေကန်များအတွင်း အဘိတ်ဆေးခတ်ခြင်းနှင့် ကျေးရွာအတွင်း နေအိမ်များအား ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်မိုး၏ကြီးကြပ်မှုဖြင့် မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ သားဖွားဆရာမ ဒေါ်နှင်းယမုံဝေဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများနှင့်မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ အဖွဲ့ဝင်များပူးပေါင်း၍ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)

# သရက်နှင့်အောင်လံခရိုင်တို့တွင် ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များ အသင့်စုဖွဲ့လေ့ကျင့်လျက်ရှိ

သရက် မေ ၁၄

မကွေးတိုင်းဒေသကြီး သရက်ခရိုင်နှင့်အောင်လံခရိုင်အတွင်းရှိ မြို့နယ် မီးသတ်ဦးစီးဌာနများတွင် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ အသင့်စုဖွဲ့လေ့ကျင့်လျက်ရှိသည်။

အဆိုပါရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များအား တိုင်းဒေသကြီးဦးစီးမှူး ဦးမျိုးလှိုင်၊ ခရိုင်ဦးစီးမှူး ဦးမောင်မောင်ထွေးတို့က ကြီးကြပ်ပြီး သရက်ခရိုင် လေးမြို့နယ်နှင့် အောင်လံခရိုင် နှစ်မြို့နယ်တို့တွင် တစ်မြို့နယ်လျှင် ဦးစီးအရာရှိတစ်ဦး စုစုပေါင်းတပ်ဖွဲ့ဝင် ၃၅ ဦးဖြင့် စနစ်တကျဖွဲ့စည်းထားကာ သဘာဝဘေးအန္တရာယ်များ ကြုံတွေ့လာပါက လျင်မြန်စွာ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိခြင်းဖြစ်ကြောင်း သိရသည်။

ကောင်းစစ်နိုင်





# ချောင်းဆုံမြို့နယ်၌ ကျေးရွာမြေပုံဇာဂရန် ထုတ်ပေးနိုင်ရေး တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်

ချောင်းဆုံ မေ ၁၄

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ခရိုက်သစ်ကျေးရွာ အကွက်(၁၀) ထောင်ကုန်း၌ ကျေးရွာမြေပုံဇာဂရန် ထုတ်ပေးနိုင်ရေးအတွက် ရက် (၁၀၀) စီမံချက်ဖြင့် မြို့နယ်အဆင့်လုပ်ငန်းအဖွဲ့နှင့် ကျေးရွာအဆင့်လုပ်ငန်းအဖွဲ့များက မေ ၁၃ ရက်တွင် ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ဝင်းက ကျေးရွာမြေပုံဇာဂရန် ရရှိရေးဆောင်ရွက်ပေးမည့်အခြေအနေနှင့် ရရှိလာမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားကာ မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးထွန်းအောင်ဇော်က ကျေးရွာမြေပုံဇာဂရန် ထုတ်ပေးရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုက် သစ်ကျေးရွာ ကွင်းအမှတ် (၇၇၉)(ခ) ကော့တာ(ခ)ကွင်းရှိ မြေဧရိယာ ၃ ဒသမ ၄၉ ဧကအတွင်း အိမ်ခြေ ၂၈ အိမ်အား ကျေးရွာမြေပုံဇာဂရန်ထုတ်ပေးနိုင်ရေးအတွက် တိုင်းတာခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုကာ လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကိုကျော် (ချောင်းဆုံ)

# အခြေခံပညာအလယ်တန်းဆင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးဘာသာရပ်ဆိုင်ရာ နည်းပြသင်တန်းဖွင့်ပွဲနှင့် ဒီဂျစ်တယ်စာကြည့်တိုက်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် မေ ၁၄**

အခြေခံပညာအလယ်တန်းဆင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးဘာသာရပ်ဆိုင်ရာ နည်းပြသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်း သီရိရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က ကလေးများကို စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးဘာသာရပ် အခြေခံဗဟုသုတများရရှိစေရန်ရည်ရွယ်၍ သင်ကြားစေခြင်းဖြစ်ကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ကလေးများနားလည်ပြီး စိတ်ပါဝင်စားမည့်ပုံစံဖြင့် သင်ကြားပေးရမည်ဖြစ်ကြောင်း ပြောကြားပြီး ကျောင်းဥပဓိရုပ်ကောင်းမွန်စေရေး ဆောင်ရွက်ထားရှိမှု၊ ကျောင်းစာကြည့်တိုက်၊ Football for School Program အတွက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ဆောက်လုပ်လှူဒါန်းထားသော FIFA ARENA mini-pitch ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒီဂျစ်တယ်စာကြည့်တိုက်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို Naypyitaw State Academy ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌနှင့် Mytel ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး Recreation Centre ဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# ကယားပြည်နယ်ဝန်ကြီးချုပ် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှု

**လွိုင်ကော် မေ ၁၄**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအုံ့မော်သည် ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့ ကုန်းသာကျေးရွာနှင့် ထီးသူးကူးကျေးရွာတို့ရှိ စာသင်ကျောင်းများ ယခုပညာသင်နှစ်အမီ ပြန်လည်ဖွင့်လှစ်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုသည်။

ဦးစွာ ကုန်းသာအခြေခံပညာအထက်တန်းကျောင်းနှင့် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ထီးသူးကူးဝင်းများအတွင်း ဆရာဆရာမများ၊ ဌာနဆိုင်ရာများနှင့် ကျေးရွာနေပြည်သူများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု၊ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ထိခိုက်ပျက်စီးသည့် စာသင်ခန်းများ ပြန်လည်ပြင်ဆင်နိုင်ရေး၊ ကျောင်းသုံးပရိဘောဂများ ပြန်လည်ဖြည့်တင်းနိုင်ရေး ပြည်သူများအနေဖြင့် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



ပြည်နယ်(ပြန်/ဆက်)

# ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အကြိုလှုပ်ရှားမှု အခမ်းအနားကျင်းပ




**တောင်ငူ မေ ၁၄**

၂၀၂၆-၂၀၂၇ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အကြိုလှုပ်ရှားမှု အခမ်းအနားကို ယနေ့နံနက်ပိုင်းက တောင်ငူမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အမှာစကားပြောကြားပြီး ကျောင်းဝတ်စုံ၊ စာအုပ်၊ ခဲတံနှင့် ဘောပင်များကို ကျောင်းသား ကျောင်းသူများထံ ပေးအပ်သည်။

ယင်းနောက် ဇာတိမာန်သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ရာ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းအုပ်ဆရာမကြီးတို့အား ဂုဏ်ပြုဆုငွေများပေးအပ်ပြီး ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာသင်တန်းဖွင့်လှစ်ပို့ချနေမှုကို ကြည့်ရှုအားပေးကာ ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကလေးမြို့နယ်ဂုဏ်ဆောင် လူရည်ချွန်မောင်မယ်များအား ဂုဏ်ပြုကြိုဆို

**ကလေး မေ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးလေဆိပ်တွင် လေ့လာရေးခရီးစဉ်များမှ ပြန်လည်ရောက်ရှိလာကြသည့် ကလေးမြို့နယ်ဂုဏ်ဆောင် လူရည်ချွန် မောင်မယ်များအား ယနေ့မွန်းလွဲ ၃ နာရီတွင် ဌာနဆိုင်ရာတာဝန်ရှိသူများက အိုးစည်ဒိုးပတ်များဖြင့် နွေးထွေးပျူငှာစွာ ဂုဏ်ပြုကြိုဆိုကြသည်။

လေ့လာရေး ခရီးစဉ်များတွင် နည်းပညာတက္ကသိုလ်မှကျောင်းသူတစ်ဦး၊ ကလေးတက္ကသိုလ်မှ ကျောင်းသူနှစ်ဦး၊ အခြေခံပညာအထက်တန်းအဆင့် ကျောင်းသားလေးဦး၊ ကျောင်းသူလေးဦးစုစုပေါင်း ၁၁ ဦးနှင့် ကြီးကြပ်ဆရာမတစ်ဦးတို့သည် နေပြည်တော်၊ ပြင်ဦးလွင်၊ အင်းလေး၊ ချောင်းသာနှင့် ငွေဆောင်ဒေသများသို့သွားရောက်လေ့လာပြီး ပြန်လည်ရောက်ရှိလာကြရာ ကလေးခရိုင်/ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဆရာဆရာမများ၊ မြို့မိမြို့ဖများက ဂုဏ်ပြုပန်းကုံးများ၊ လက်ဆောင်ပစ္စည်းများဖြင့် ဂုဏ်ပြုကြိုဆိုခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



# အိမ်မဲမြို့နယ်၌ လူရည်ချွန်မောင်မယ် ငါးဦးအား ကြိုဆိုဂုဏ်ပြုပွဲ ကျင်းပ

**အိမ်မဲ မေ ၁၄**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် နိုင်ငံတော်အဆင့်ရွေးချယ်ခံရသည့် လူရည်ချွန်မောင်မယ် ငါးဦးအား ကြိုဆိုဂုဏ်ပြုပွဲကို မေ ၁၂ ရက် နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်ကိုကိုဦးနှင့် အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက အိမ်မဲမြို့အဝင်၌ ဂုဏ်ပြုပန်းကုံးများ၊ ပန်းစည်းများဖြင့် ကြိုဆိုကြသည်။

ထို့နောက် ဂုဏ်ပြုပွဲကို အထက (၂) ပညာ့ဗိမာန်ခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ဂုဏ်ပြုစကားပြောကြားပြီး လူရည်ချွန်မောင်မယ်များက အပန်းဖြေစခန်းအသီးသီး၏ အတွေ့အကြုံများကို ရှင်းလင်းပြောကြားကာ တာဝန်ရှိသူများက လူရည်ချွန်များအတွက် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ချစ်သက်လယ် (ပြန်/ဆက်)**



# လက်ပံတန်းမြို့နယ်၌ တောင်သူအသိပညာပေး ဆွေးနွေး

**လက်ပံတန်း မေ ၁၄**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်တွင် မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တောင်သူအသိပညာပေးဆွေးနွေးပွဲကို မေ ၁၂ ရက် နံနက်ပိုင်းက ရေကန်ကျေးရွာအုပ်စု၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေမင်းအောင်က လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ထို့နောက် သဘာဝမြေသြဇာမြေဆွေး (အီးအမ်ဘိုကာရှီ) ထုတ်လုပ်ပုံ အဆင့်ဆင့် လက်တွေ့သရုပ်ပြဆောင်ရွက်နေမှုနှင့် ရေကန်ကျေးရွာ အိမ်ထောင်စုတိုင်းတွင် Home Garden စီမံချက်ဖြင့် စားဖိုဆောင်သီးနှံ ဆယ်မျိုးဆယ်ပေါင် စိုက်ပျိုးနေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် အမျိုးသားပြတိုက်(နေပြည်တော်) ကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၁၄

ဟိုတယ်၊ ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ယနေ့ မွန်းလွဲပိုင်းတွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန အမျိုးသားပြတိုက်(နေပြည်တော်)ကို ကြည့်ရှုစစ်ဆေးသည်။

**ဆောင်ရွက်ရန် မှာကြား**

ကြည့်ရှုစစ်ဆေးစဉ် ယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထားထိန်းသိမ်း၍ နည်းစနစ်မှန်ကန်စွာ ခင်းကျင်းပြသရန်၊ အများပြည်သူတို့ ချစ်ခင်မြတ်နိုးတန်ဖိုးထားစိတ်များ ဖြစ်ပေါ်လာစေရန်နှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေရေး အသိပညာပေးလှုံ့ဆော်မှုများကို ဆိုရှယ်မီဒီယာများမှတစ်ဆင့် ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ကရင်ပြည်နယ် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



ဘားအံ မေ ၁၄

ကရင်ပြည်နယ် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီ၏(၂/၂၀၂၆)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ပြောကြား**

ဦးစွာ ကရင်ပြည်နယ် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီနာယက ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ဒေသတွင်း MSME လုပ်ငန်းများတိုးတက်စေရေး လိုအပ်သည့် နည်းပညာ၊ ဈေးကွက်၊ ဘဏ္ဍာရေးဆိုင်ရာများကို ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ပြည်နယ်အဆင့် အေဂျင်စီများ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများက ဒေသတွင်း MSME လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးတင်ပြကြပြီး အစည်းအဝေးသို့ တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# နတ်မောက်မြို့နယ်၌ တောင်သူများအား မျိုးစေ့၊ ဓာတ်မြေဩဇာနှင့် ပံ့ပိုးပစ္စည်းများ ပေးအပ်

နတ်မောက် မေ ၁၄

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ရက်(၁၀၀)အတွင်း မိုးရာသီစံပြကွက်၊ စမ်းသပ်ကွက်နှင့် မျိုးစေ့ထုတ်တောင်သူများအား မျိုးစေ့၊ ဓာတ်မြေဩဇာနှင့်ပံ့ပိုးပစ္စည်းများပေးအပ်ပွဲကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းနိုင်ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော်လတ်မိုး၊ မြို့နယ်စိုက်ပျိုးစွမ်းအားမြှင့်တင်ရေး ကြီးကြပ်မှုကော်မတီဝင်များက ကျေးရွာအုပ်စု ၂၈ အုပ်စုမှ စံပြကွက်၊ စမ်းသပ်ကွက်နှင့် မျိုးသန့်မျိုးစေ့ထုတ်စိုက်ပျိုးမည့် တောင်သူ ၇၁ ဦးတို့အား မျိုးစေ့၊ ဓာတ်မြေဩဇာနှင့် ပံ့ပိုးပစ္စည်းများကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **လှဝင်း**



# မူဆယ်မြို့ အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



မူဆယ် မေ ၁၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ အခြေခံပညာကျောင်းများတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို ယမန်နေ့နံနက်ပိုင်းက အထက(ခွဲ)မန့်ဝိန်းနှင့် မူလွန်(စွမ်စော်)ကျောင်းတို့၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မူဆယ်ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်များမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဌာနမှ တာဝန်ရှိသူများ၊ စည်ပင်သာယာရေးဌာနမှ တာဝန်ရှိသူများ စုပေါင်း၍ အမှိုက်များသန့်ရှင်းခြင်း၊ ရေကန်များအား အဘိတ်ဆေးခတ်ခြင်း၊ ကျောင်းဆောင်များအတွင်း ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစန်းမင်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ချယ်ရီမြေ(မူဆယ်)

# ချောက်မြို့နယ်၌ စံပြကွက်တောင်သူများအား သီးနှံမျိုးစေ့များ ထောက်ပံ့

ချောက် မေ ၁၄

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်တွင် စံပြကွက်ဆောင်ရွက်မည့်တောင်သူများအား သီးနှံမျိုးစေ့များထောက်ပံ့ခြင်းကို မေ ၁၂ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်ဝင်းက အမှာစကားပြောကြားပြီး အသိပညာပေးစာစောင်များ ဖြန့်ဝေပေးအပ်သည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုးလွင်၊ မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလှိုင်နှင့် တာဝန်ရှိသူများက ရက်(၁၀၀)အတွင်း ဆောင်ရွက်မည့် သီးနှံမျိုးစေ့များဖြစ်သည့် စပါး၊ နှမ်း၊ မြေပဲ၊ နေကြာ၊ ပဲတီစိမ်းနှင့် ဝါမျိုးစေ့များ၊ ရိုဘတ်စတာကော်ဖီပျိုးပင်တို့ကို တောင်သူများအား ပေးအပ်ခဲ့ကြောင်း သိရသည်။ **ကျော်မိုး(ပြန်/ဆက်)**



# ရပ်စောက်၌ တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ဆေးများ ထိုးနှံ



ရပ်စောက် မေ ၁၄

ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ် နောင်ဖန်ကျေးရွာ၌ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများက တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ရေး ရက်(၁၀၀) ကာကွယ်ဆေးထိုး စီမံချက်ကို ယမန်နေ့က ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာမင်းဇော်ဦးဆောင်၍ အဖွဲ့ဝင်များက လွယ်ကိုကျေးရွာအုပ်စု နောင်ဖန်ကျေးရွာနှင့် ကန်တလတ်ကျေးရွာတို့အတွင်း ဒေသနွားတစ်နိုင်တစ်ပိုင် မွေးမြူသူ ၃၇ ဦးအား တွေ့ဆုံ၍ ကာကွယ်ဆေးထိုး စီမံချက်အကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နွားမွေးမြူသူများအား ခြံဖျန်းပိုးသတ်ဆေးများ ပေးအပ်ပြီး ဒေသနွားအကောင်ရေ ၁၀၀ အား ပေါင်ပုပ်၊ လက်ပုပ်နှင့် လည်ချောင်းကွဲရောဂါကာကွယ်ဆေး ထိုးနှံပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# တိုက်ကြီးမြို့နယ်၌ စိုက်ပျိုးစရိတ်တိုးမြှင့်ထုတ်ချေးခြင်းနှင့် သဘာဝဓာတ်မြေဩဇာပေးအပ်ပွဲ အခမ်းအနား ကျင်းပ



ရန်ကုန် မေ ၁၄

၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေနှင့် သဘာဝဓာတ်မြေဩဇာပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီးဝန်ကြီးများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် တိုင်းဒေသကြီး မန်နေဂျာက စိုက်ပျိုးစရိတ်ချေးငွေနှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရန် လိုအပ်သည့်အချက်များကိုလည်းကောင်း၊ မြန်မာ့အာမခံလုပ်ငန်း သီးနှံအာမခံဌာန ဒုတိယအထွေထွေမန်နေဂျာက သီးနှံအာမခံထားရှိရေးဆိုင်ရာ အသိပညာများကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် တာဝန်ရှိသူများက ၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများနှင့် သဘာဝဓာတ်မြေဩဇာများကို တောင်သူများထံ ပေးအပ်ကြရာ တောင်သူများကိုယ်စား တောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **ဖွဲ့ထက်ကို(ပြန်/ဆက်)**

# နေပြည်တော်ကောင်စီနယ်မြေအတွင်း စိုက်ပျိုးရေရရှိရေး စူးစမ်းလေ့လာထားရှိသောနေရာများ ကွင်းဆင်းစစ်ဆေး



နေပြည်တော် မေ ၁၄

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ယမန်နေ့မွန်းလွဲပိုင်းက နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် စည်ပင်ကြီးကျေးရွာရှိ လယ်မြေဧက ၁၈၀ ကို စိုက်ပျိုးရေပေးဝေနိုင်ရန်အတွက် မြစ်ရေတင်စနစ်တည်ဆောက်နိုင်ရေး စူးစမ်းထားရှိသောနေရာ၌ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ငလိုက်ဆည်ရေသောက်စနစ်အဖျားပိုင်း မြို့ရှောင်လမ်းဘေးအနီး လယ်ယာမြေများ စိုက်ပျိုးရေရရှိရေးအတွက် လျာထားနေရာ၊ ပေါင်းလောင်းဆည်ရေသောက်စနစ် လက်ယာတူးမြောင်းမကြီး၏ လက်တံ(၂)မှ စိုက်ပျိုးရေတိုးချဲ့ပေးဝေရန်နှင့် လယ်ဝေးမြို့နယ် ပြည်ဝင်ကျေးရွာအနီး ရှစ်လက်မတွင်း နှစ်တွင်းတူး၍ စိုက်ပျိုးရေပေးဝေရန်လျာထားနေရာ၊ မဒန်းဆည်ရေသောက်စနစ်မှ ရာဇသင်္ဂဟလမ်းဘေးရှိ စိုက်ပျိုးမြေဧကများကို စိုက်ပျိုးရေပေးဝေရန် အတွက် ဖြစ်နိုင်ခြေရှိသောနေရာများကို ကြည့်ရှုစစ်ဆေးပြီး မြေပြင်အနိမ့်အမြင့်ပေါ်မူတည်၍ စိုက်ပျိုးရေပေးဝေနိုင်မည့် အစီအမံများကို မြေပြင်ကွင်းဆင်း အသေးစိတ် တိုင်းတာတွက်ချက်၍ ပြန်လည်တင်ပြကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အုတ်ဖိုမြို့နယ်၌ မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများ တိုးမြှင့်ထုတ်ချေးပေး

အုတ်ဖို မေ ၁၄

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ရက် (၁၀၀) စီမံချက်ကာလအတွင်း ဒေသခံတောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေများတိုးမြှင့်ထုတ်ချေးခြင်းနှင့် ၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးခြင်းအခမ်းအနားကို မေ ၁၂ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဇော်မျိုးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေးတို့က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် အုတ်ဖိုမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မန်နေဂျာ ဒေါ်အိသူဇာနှင့် ဝန်ထမ်းများက အုတ်ဖိုမြို့နယ်မှ ၂၀၂၅ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ အချိန်မီပြန်လည်ပေးဆပ်ခဲ့သည့် ရွာတောကွင်းကျေးရွာအုပ်စုနှင့် တင်းကုတ်ကြီးကျေးရွာအုပ်စုရှိ မိုးသီးနှံစိုက်ပျိုးမည့် ဒေသခံတောင်သူများအား မိုးစပါး ၁၀၈၇ ဧကအတွက် စုစုပေါင်း စိုက်ပျိုးစရိတ်ချေးငွေကျပ် ၃၂၆၁၀၀၀၀၀ ကို တောင်သူများလက်ဝယ်အရောက် စနစ်တကျ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **အောင်သူ(အုတ်ဖို)**



# သန်လျင်မြို့နယ်၌ ကျွဲ၊ နွားများကို ကာကွယ်ဆေးထိုးနှံပေး



သန်လျင် မေ ၁၄

သန်လျင်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ရက် (၁၀၀) စီမံချက်ဖြင့် ကျွဲ၊ နွားများအား ကာကွယ်ဆေးများထိုးနှံပေးခြင်းကို ယမန်နေ့နံနက်ပိုင်းတွင် ကွမ်းခြံကုန်းကျေးရွာအနောက်ပိုင်းတွင် ပြုလုပ်ခဲ့သည်။

အဆိုပါ ကျွဲ၊ နွားများအား မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဝန်ထမ်းများက လည်ချောင်းကွဲ၊ ပေါင်ပုပ်လက်ပုပ်ကာကွယ်ဆေးများ ထိုးနှံဆောင်ရွက်ပေးလျက်ရှိပြီး ကျန်ရှိသောကျေးရွာများသို့ ကွင်းဆင်း၍ ကျွဲ၊ နွား ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သန်းဝင်း(သန်လျင်)**

# ဖြူးမြို့အထူးကုသရေးအဖွဲ့ ဒိုက်ဦးမြို့နယ် ဝါးဂါမဏီတိုက်နယ်ဆေးရုံ၌ ကွင်းဆင်းဆေးကုသ

ဒိုက်ဦး မေ ၁၄

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ် ဝါးဂါမဏီတိုက်နယ်ဆေးရုံတွင် မေ ၁၃ ရက် နံနက်ပိုင်းက တိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူး ဒေါက်တာဇော်မင်းထွန်း ဦးဆောင်၍ ဖြူးမြို့ ခုတင်(၁၀၀)ဆံ့ ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ကျော်မိုးနှင့် သက်ဆိုင်ရာအထူးကုဆရာဝန်ကြီးများပါဝင်သော နယ်လှည့်ကွင်းဆင်းဆေးကုသရေးအဖွဲ့သည် ဒိုက်ဦးမြို့နယ် ဝါးဂါမဏီတိုက်နယ်ပတ်ဝန်းကျင်ရှိကျေးရွာများမှလူနာ ၂၅၆ ဦးအား အခမဲ့ဆေးဝါးကုသမှုဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ကျော်ကျော်(ဒိုက်ဦး)**



# ဇီးကုန်းမြို့နယ်၌ မိုးရာသီစိုက်ပျိုးစရိတ်များ တိုးမြှင့်ထုတ်ချေး



ဇီးကုန်း မေ ၁၄

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ရက်(၁၀၀)စီမံချက်ဖြင့် ၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ တိုးမြှင့်ထုတ်ချေးခြင်း အခမ်းအနားကို မေ ၁၂ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ၂၀၂၅ ခုနှစ် မိုးချေးငွေတစ်ရပ်လုံး ပြေကျေသည့် တောင်ပို့သာယာကျေးရွာအုပ်စုမှ တောင်သူ ၈၆ ဦး၏ ၅၃၁ ဧကအတွက် တစ်ဧကလျှင် ကျပ်သုံးသိန်းနှုန်းဖြင့် စုစုပေါင်း ကျပ် ၁၅၉၃ သိန်းအား တောင်သူများလက်ဝယ်အရောက် စနစ်တကျ ထုတ်ချေးပေးခဲ့သည်။

ဇီးကုန်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲအနေဖြင့် ၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို ကျေးရွာအုပ်စု ၃၁ အုပ်စု၊ မိုးစပါးစိုက်ဧက ၃၆၀၈၈ အတွက် ကျပ်ငွေ ၁၀၈၂၆ ဒသမ ၄၀ သန်းကို ဆက်လက်ထုတ်ချေးပေးရန် လျာထားဆောင်ရွက်ထားရှိကြောင်း သိရသည်။ **တင့်ဆွေ(ပြန်/ဆက်)**

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် မေ ၁၄

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# တံတားဦးမြို့နယ် အုတ်ကျွတ်ဖိုကျေးရွာ အခြေခံပညာမူလတန်းကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

**မန္တလေး မေ ၁၄**

တံတားဦးခရိုင် တံတားဦးမြို့နယ် ဘလဲ့ဘ ကျေးရွာအုပ်စု အုတ်ကျွတ်ဖိုကျေးရွာ အခြေခံပညာ မူလတန်းကျောင်းရှိ မန္တလေးလျောင်ကြီးကြောင့် ထိခိုက်ပြိုကျပျက်စီးခဲ့သည့် စာသင်ဆောင်ကို Telecom International Myanmar Co.,Ltd (MYTEL) က အသစ်ပြန်လည်ဆောက်လုပ်လှူဒါန်းပြီး လွှဲပြောင်းပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်း၌ ကျင်းပသည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တာဝန်ရှိသူများက ကျောင်းဆောင်သစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားပြီး ကျောင်းနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူးထံ လွှဲပြောင်းပေးအပ်ကာ စာသင်ဆောင်များကို လိုက်လံကြည့်ရှုသည်။

ယင်းနောက် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် Grade-6 မှ စတင်ကာ တစ်ပတ်စာသင်ချိန်တွင် စက်မှုဘာသာရပ် တစ်ချိန်၊ စိုက်ပျိုးရေးဘာသာရပ် တစ်ချိန်၊ မွေးမြူရေးဘာသာရပ် တစ်ချိန် သင်ကြားပို့ချနိုင်ရေး စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးဘာသာရပ်ဆိုင်ရာ နည်းပြသင်တန်းဖွင့်ပွဲကို အောင်မြေသာစံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အောင်ရာဇာခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တက်ရောက်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ပအလုပ်အကိုင်ခန့်အပ်နိုင်ရေး လုပ်ငန်းကော်မတီညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် မေ ၁၄**

ပြည်ပအလုပ်အကိုင် ခန့်အပ်နိုင်ရေး လုပ်ငန်းကော်မတီညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမောင်မောင်သန်းက စစ်မှုထမ်းတာဝန် ကျေပွန်စွာထမ်းဆောင်ခဲ့သူများ၏ ကျွမ်းကျင်မှုနှင့် လုပ်ငန်း အတွေ့အကြုံများအရ သင့်လျော်သည့် ပြည်ပအလုပ်အကိုင် ရရှိရေးနှင့် စနစ်တကျ ချိတ်ဆက်ပေးနိုင်ရေး ရည်ရွယ်၍ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

စစ်မှုထမ်းတာဝန် ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများက ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်လိုကြောင်း အဆိုပြုလာသူများကို ကုန်ကျစရိတ် သက်သာစွာ သွားရောက်နိုင်ရေး သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ မြန်မာပြည်ပ အလုပ်အကိုင် ဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်း၊ ပြည်ပ အလုပ်အကိုင် အကျိုးဆောင် လိုင်စင်ရ အေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၆ ခုနှစ် မေလ ၁၃ ရက်နေ့တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ် (၃) နေရာတွင် Ambient Air Quality Monitoring Station with Mobile Car- (AQMS Mobile Car)၊ Compact Air Quality Monitoring Station- (AQM 65) စက်များကို အသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter (၆) မျိုးကို (၂၄) နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | ရန်ကုန်တိုင်းဒေသကြီး အတွင်း ဝန်းကျင် လေထုအရည်အသွေး တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာ ဒိုင် အောက် ဆိုက် | နိုက်ထရို ဂျင်ဒိုင် အောက် ဆိုက် | အိုဇုန်း | ကာဗွန် မိုနောက် ဆိုက် |
| ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၂ | အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင် အခြေအနေတို့အပေါ် မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထု အရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

# ကျောက်တံတားခရိုင်၏ ဒေသန္တရစီမံကိန်းတာဝန်ပေးအပ်ပွဲ ကျင်းပ

**ရန်ကုန် မေ ၁၄**

ရန်ကုန်တိုင်း ဒေသကြီး ကျောက်တံတားခရိုင်၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရ စီမံကိန်းတာဝန် ပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ကျောက်တံတားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**အမှာစကားပြောကြား**

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဥက္ကာက အမှာစကားပြောကြားသည်။

ဆက်လက်၍ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရ စီမံကိန်း ရည်မှန်းချက်ကို ကျောက်တံတားခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌက တာဝန်ရှိသူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်ကျော်(ပြန်/ဆက်)**

# ဝမ်းတွင်းမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ် ထုတ်ပေးခြင်းများ ပြုလုပ်

**ဝမ်းတွင်း မေ ၁၄**

မန္တလေးတိုင်း ဒေသကြီး ဝမ်းတွင်းမြို့နယ်၌ လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ် ထုတ်ပေးခြင်း အခမ်းအနားကို ယနေ့တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ ကျင်းပသည်။



အသက် (၁၀) နှစ်နှင့်အထက် မှတ်ပုံတင်အသစ်ပြုလုပ်ပေးခြင်း၊ အသက် (၁၈) နှစ်ပြည့် မှတ်ပုံတင် ထုတ်ပေးခြင်း၊ အိမ်ထောင်စုစာရင်း ပြုလုပ်ပေးခြင်းနှင့် UID ကတ် ဆောင်ရွက်ပေးနေမှုတို့ကို မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးရဲမြင့်သိန်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ပြီး နိုင်ငံသားစိစစ်ရေး ကတ်နှင့် UID ကတ်တို့အား ပြည်သူများ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**



# နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ သိမ်းဆည်းရမိ

နေပြည်တော် မေ ၁၄

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS)အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မေ ၄ ရက်မှ ၁၀ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၆၇ ဒသမ ၉၇၅၀ တန်၊ သစ်မာ ၁ ဒသမ ၀၂၇၈ တန်၊ အခြား ၄၉ ဒသမ ၃၃၈၂ တန် စုစုပေါင်း ၁၁၈ ဒသမ ၃၄၁၀ တန်၊ ယာဉ်/ယန္တရားငါးစီး၊ ပြစ်မှုကျူးလွန်သူကိုးဦး ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံသစ်တောဦးစီးဌာနမှ သိရသည်။

သတင်းစဉ်



# မုဒုံမြို့၌ မူခင်းကျဆင်းရေး အသိပညာပေး ဟောပြော

မုဒုံ မေ ၁၄

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် ရက်(၁၀၀) စီမံချက်ဖြင့် ရပ်ကွက်/ကျေးရွာများတွင် မှုခင်းကျဆင်းစေရန် အသိပညာပေးဟောပြောပွဲကို မေ ၁၃ ရက်က မိုန်ကနိမ်းကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း၌ ပြုလုပ်သည်။

ဟောပြောပွဲတွင် မုဒုံမြို့နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးဆန်းညွန့်က အွန်လိုင်းလိမ်လည်မှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ရာမည(ပြန်/ဆက်)



# ကလောမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ထုတ်ပေး

ကလော မေ ၁၄

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ လမ်းညွှန်မှု နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀)လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးခြင်းလုပ်ငန်းများကို နေ့စဉ်အရှိန်အဟုန်မပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ကလောမြို့နယ် ဦးစီးမှူးရုံးသို့ ယနေ့မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ဆောင်ရွက်ပေးမှုအခြေအနေကို ပြည်နယ်ဦးစီးမှူးနှင့် ခရိုင်ဦးစီးမှူးတို့က ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များ မှာကြားကာ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များပေးအပ်ခဲ့ကြောင်း သိရသည်။

ကျော်ဝင်း(ကလော)

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် မေ ၁၄

မဟာအောင်မြေမြို့နယ်၊ လားရှိုးမြို့၊ ကျိုင်းတုံမြို့၊ မိုးကုတ်မြို့၊ နောင်ချိုမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၁ ရက် ည ၇ နာရီတွင် သတင်းအရ မဟာအောင်မြေမြို့နယ် သံလျှက်မှော်အရှေ့ရပ်ကွက် ၄၁ x ၄၂ လမ်းကြား ၈၆(အေ)လမ်းရှိ ဖယ်ခုံမြို့နယ် ပီကင်းကျေးရွာနေ သိန်းအောင်(ခ)အောင်ပိ(၂၂)နှစ် ငှားရမ်းနေထိုင်သည့် နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းစိမ်း ၉၀ ကီလို(တစ်ကီလိုလျှင်ငွေကျပ်ကိုးသိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၈၁၀)၊ ဘိန်းဆီခဲ ၂၄ ကီလို (တစ်ကီလိုလျှင်ငွေကျပ် ၂၅ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၆၀၀)နှင့် ဘိန်းဖြူ ၁ ဒသမ ၇၆ ကီလို (တစ်ကီလိုလျှင် ငွေကျပ် သိန်း ၂၅၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၄၄၀) တို့ကို သိမ်းဆည်းရမိသဖြင့် သိန်းအောင်(ခ)အောင်ပိအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း။

ထို့ပြင် မေ ၁၃ ရက် ည ၇ နာရီခွဲတွင် သတင်းအရ လားရှိုးမြို့ ရပ်ကွက်(၈) နယ်မြေ(၁၃) လားရှိုး-သိန္နီသွားလမ်းတွင် မူဆယ်မြို့ နမ့်အွမ်ကျေးရွာနေ ရန်ပိန်းချိမ့်(၂၆)နှစ် မောင်းနှင်လာသော Toyota Crown အမျိုးအစားယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀၀(တစ်ပြားလျှင်ငွေကျပ် ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၃၀၀)အား သိမ်းဆည်းရမိသဖြင့် ရန်ပိန်းချိမ့်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း။

အလားတူမေ ၁၃ ရက်ည ၆ နာရီတွင် သတင်းအရ ကျိုင်းတုံမြို့နယ် မိုင်းဇင်းကျေးရွာအနီး ကျိုင်းတုံ-တာချီလိတ်သွားလမ်းတွင် မိုင်းဖြတ်မြို့နယ် ဟိုပန်လောင်းကျေးရွာနေ ကျက(၄၃)နှစ် မောင်းနှင်ပြီး မိုင်းဖြတ်မြို့နယ် ရှန်ဖုန်းကျေးရွာနေ ကျရှီး(၂၃)နှစ် လိုက်ပါလာသော HONDA WAVEi 110 အမျိုးအစားဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၃၀၀) သိမ်းဆည်းရမိသဖြင့် ကျကနှင့် ကျရှီးတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း။



ပြစ်မှုကျူးလွန်သူ ဝေါ်တာ(ခ)ဗျာဆီးနှင့် မချစ်လု(ခ) အာဝူမီးတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ထို့အတူ မေ ၁၃ ရက် နံနက် ၆ နာရီတွင် မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် သတင်းအရ မိုးကုတ်မြို့ လယ်ဦးအုပ်စု အုံးပင်ရေထွက်ရပ်နေ ဝေါ်တာ(ခ)ဗျာဆီး (၄၅)နှစ်နှင့် ဇနီးဖြစ်သူ မချစ်လု(ခ)အာဝူမီး(၂၇)နှစ်တို့၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၃၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁၃၉၅ သိန်း) သိမ်းဆည်းရမိသဖြင့် ဝေါ်တာ(ခ)ဗျာဆီးနှင့် မချစ်လု(ခ) အာဝူမီးတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း။

အလားတူ မေ ၁၁ ရက် ညနေ ၄ နာရီတွင် သတင်းအရ နောင်ချိုမြို့ ပါဟတ်ရပ်ကွက်အနီး မန္တလေး-လားရှိုးသွားလမ်းတွင် နောင်ချိုမြို့နယ် သုံးဆယ်ကျေးရွာနေ ညီညီအောင်(ခ)ညွှန့်အောင်(၅၇)နှစ် မောင်းနှင်လာသော Toyota HILUX VIGO အမျိုးအစားယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၆၉၆၆၅ ပြား (တစ်ပြားလျှင်ငွေကျပ် ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၃၈၄၈ ဒသမ ၃၂၅ သိန်း) သိမ်းဆည်းရမိသဖြင့် ညီညီအောင်(ခ)ညွှန့်အောင်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

# ကော့မှူးမြို့နယ် တာတိုက်ကျေးရွာ ရေထိန်းတံခါးတုတ်တန်းရိုက်မည့်နေရာအား ကွင်းဆင်းကြည့်ရှု



ကော့မှူး မေ ၁၄

၂၀၁၆-၂၀၁၇ ခုနှစ် တိုင်းဒေသကြီးအစိုးရ ရန်ပုံငွေဖြင့် ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်မည့် တာတိုက်ကျေးရွာ ရေထိန်းတံခါး တုတ်တန်းရိုက်မည့်နေရာကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

အဆိုပါနေရာသို့ လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်းနှင့် ဌာနဆိုင်ရာများ ကွင်းဆင်းကြည့်ရှုရာ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ဦးက ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

ကျော်သူရ(ကော့မှူး)

# ကျုံပျော်မြို့နယ်၌ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ဆေးထိုးနှံ

ကျုံပျော် မေ ၁၄

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ရက်(၁၀၀)စီမံချက်ဖြင့် တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို အောင်ဆန်းရပ်ကွက်နှင့် ထော်ဦးကျေးရွာတို့၌ ယမန်နေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ တိရစ္ဆာန်ကျန်းမာရေးလုပ်သားများက ကျေးရွာများရှိ ပြည်သူများအား ကျွဲ၊ နွားများတွင် ဖြစ်ပွားတတ်သော ကူးစက်ရောဂါများနှင့် ကာကွယ်ရမည့် နည်းလမ်းများကို အသိပညာပေး ဆွေးနွေးပြီး တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

နေဝင်းမြင့်(ပြန်/ဆက်)





ဧရာဝတီတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး၏ လမ်းညွှန်ချက်နှင့် အညီ သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာပါက အလျင်အမြန်တုံ့ပြန်ဆောင်ရွက်နိုင်ရေး ဒေးဒရဲမြို့နယ်၌ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များအား လူ/ယာဉ်/စက်/ပစ္စည်း ကိရိယာအသင့်ဖြင့် စုဖွဲ့ထားမှုကို တွေ့ရစဉ်။

မင်းထက်သာ

# မက်မန်းမြို့နယ်အတွင်းရှိ သံလွင်မြစ်အနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်ရာတွင် အသုံးပြုသည့် လုပ်ငန်းသုံးဆက်စပ်ပစ္စည်းများ ထပ်မံသိမ်းဆည်းရမိ၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ ကျူးလွန်၍ ထွက်ပြေးတိမ်းရှောင်နေသည့် တရားမဝင်တရုတ်နိုင်ငံသား ၁၀ ဦးအား ထပ်မံဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၄**

နိုင်ငံတော် အစိုးရအနေဖြင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာဆောင်ရွက်လျက်ရှိရာ မေ ၁၂ ရက်နှင့် မေ ၁၃ ရက်တို့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မက်မန်းမြို့နယ်အတွင်းရှိ သံလွင်မြစ်အနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်နေသည့် တရုတ်နိုင်ငံသား ၉၀ ကို လုပ်ငန်းလုပ်ကိုင်ရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည့် သတင်းအားထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က မက်မန်းမြို့နယ်အတွင်းရှိ သံလွင်မြစ်အရှေ့ဘက်ကမ်းတစ်လျှောက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ဆောင်နေခြင်း မရှိစေရေး ဆက်လက်ရှာဖွေစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မေ ၁၃ ရက် ညနေ ၅ နာရီခန့်တွင် မက်မန်းမြို့၏ အနောက်တောင်ဘက် မီတာ ၄၂၀၀၀ ခန့်အကွာ သံလွင်မြစ်အနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ရာတွင် အသုံးပြုသည့် အလျား ပေ ၂၄၀၊ အနံ ပေ ၆၀ ရှိ အဆောက်အအုံ တစ်လုံး၊ အလျား ၁၃၂ ပေ၊ အနံ ပေ ၄၀ ရှိ လုပ်ငန်းသုံးအဆောက် တစ်လုံး၊ အလျား ၈၄ ပေ၊ အနံ ပေ ၄၀ ရှိလုပ်ငန်းသုံးအဆောင် နှစ်လုံး၊ အလျား ပေ ၇၀၊ အနံ ၂၅ ပေရှိ ရှင်းလင်းဆောင် တစ်လုံး၊ အလျား ပေ ၆၀၊ အနံ ၁၀ ပေရှိလူနေဆောင် တစ်လုံး၊ အလျား ပေ ၆၀၊ အနံ ပေ ၂၀ ရှိလူနေဆောင် နှစ်လုံး၊ အလျား ပေ ၂၀၊ အနံ ၁၅ ပေရှိလူနေဆောင် တစ်လုံး၊ အလျား ပေ ၄၀၊ အနံ ပေ ၂၀ ရှိလူနေဆောင်တစ်လုံး၊ အလျား ပေ ၂၀၊ အနံ ၁၀ ပေခန့်ရှိသုံးခန်းတွဲ အိမ်သာ တစ်လုံး၊ မီးရှို့ဖျက်ဆီးထားသည့် ဒိုဇာ တစ်စီး၊ အလျား ပေ ၃၀၊ အနံ ၁၅ ပေခန့်ရှိ လူနေဆောင် တစ်လုံး၊ အလျား ပေ ၁၀၀၊ အနံ ၃၆ ပေရှိ လောင်းကစားရုံ နှစ်လုံး၊ အလျား ပေ ၄၀၊ အနံ ၁၀ ပေရှိ အိမ်သာ တစ်လုံး၊ အလျား ပေ ၄၀၊ အနံပေ ၄၀ ရှိ၊ စားချက်ဆောင် တစ်လုံး၊ အလျား ၄ ပေ၊ အနံ ၃ ပေရှိစားပွဲခုံ ၂၅၇ လုံး၊ ၄ ပေ ပတ်လည် သံစားပွဲခုံ ၂၆ လုံး၊ Outdoor Aircon ၁၀ လုံး၊ အလျား ၈ ပေခွဲ စားပွဲခုံ တစ်လုံး၊ ခုတင် ၁၇ လုံး၊ မွေ့ရာ ၄ လက်မ ၂၂ လုံး၊ Indoor Aircon ငါးလုံး၊ ရေခဲသေတ္တာ (အသေး) ခြောက်လုံး၊ ရေခဲသေတ္တာအကြီး လေးလုံး၊ ထမင်းပေါင်းအိုး ခြောက်လုံး၊ ရေခဲသေတ္တာအရှည် ရှစ်လုံး၊ မီးစက်အကြီး နှစ်လုံး၊ မျက်စိစမ်းသပ်စက် တစ်လုံး၊ စားပွဲတင်ပန်ကာ အသေး ၆၃ လုံး၊ ဖဲခုံ ငါးခုံ၊ မာကျောက် နှစ်စုံ၊ ငါးပစ်ဂိမ်းခုံ လေးခုံ၊ ဘိလိယက်ခုံ သုံးခုံ၊ စလော ဂိမ်းခုံ ခုနစ်ခုံ၊ တံခါးသုံးပေါက်ပါ ရေခဲသေတ္တာ တစ်လုံး၊ ဂက်စ်မီးဖို နှစ်လုံး၊ ဂက်စ်အိုး ၁၅လုံး၊ ပန်ကာအရှည် ၃၈ လုံး၊ Power Station သုံးလုံး၊ သုံးထပ်သားပြား ၃၉၈ ချပ်၊ ဆန်အိတ် ၄၈ အိတ်နှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။




ရှမ်းပြည်နယ်(မြောက်ပိုင်း) မက်မန်းမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်ရာတွင် ပါဝင်သူများနှင့် အဆောက်အအုံများ၊ လုပ်ငန်းသုံးပစ္စည်းများ ထပ်မံဖမ်းဆီးရမိမှုနေရာပြပုံ။

ယနေ့တွင်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အဆိုပါနေရာတစ်ဝိုက် သံလွင်မြစ်ကမ်း တစ်လျှောက်၌ ရှာဖွေစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်ရာ ယနေ့နံနက် ၁၀ နာရီခန့်တွင် မက်မန်းမြို့၏ အနောက်တောင်ဘက် မီတာ ၄၀၀၀၀ ခန့်အကွာ သံလွင်မြစ်အနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းများ လုပ်ကိုင်ရာတွင် အသုံးပြုသည့် အလျား ပေ ၅၀၊ အနံ ပေ ၂၀ ရှိ လုပ်ငန်းသုံးတဲ တစ်လုံး၊ လူနေမိုးကာတဲ လေးလုံး၊ နားနေဆောင်တဲ တစ်လုံး၊ မီးဖိုဆောင်တဲ တစ်လုံး၊ ဂက်စ်အိုး ၂၂ လုံး၊ ရေခဲသေတ္တာ လေးလုံး၊ ထမင်းပေါင်းသေတ္တာ တစ်လုံး၊ လက်ဆွဲမီးစက်အကြီး တစ်လုံးနှင့် Desk Top တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် ယနေ့မွန်းလွဲ ၃ နာရီခန့်တွင် မက်မန်းမြို့၏ အနောက်တောင်ဘက် မီတာ ၄၄၀၀ ခန့်အကွာ သံလွင်မြစ်အနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းများလုပ်ကိုင်ပြီး ထွက်ပြေးတိမ်းရှောင်နေသည့် တရားမဝင်တရုတ်နိုင်ငံသား တစ်ဦးနှင့် မက်မန်းမြို့၏ အနောက်တောင်ဘက်မီတာ ၄၄၅၀၀ ခန့်အကွာ သံလွင်မြစ်အနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းများ လုပ်ကိုင်ပြီး ထွက်ပြေးတိမ်းရှောင်နေသည့် တရားမဝင်တရုတ်နိုင်ငံသား ကိုးဦး စုစုပေါင်း တရားမဝင်တရုတ်နိုင်ငံသား ၁၀ ဦးတို့အား တွေ့ရှိဖမ်းဆီးရမိခဲ့သည်။

အဆိုပါ သိမ်းဆည်းရမိအွန်လိုင်းလိမ်လည် လောင်းကစားမှုများ ပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဖမ်းဆီးရမိသူများကိုလည်း ဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့်နောက်ကွယ်မှ ပါဝင်ပတ်သက်သူများကိုလည်း စိစစ်ဖော်ထုတ်ကာ တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

မြန်မာနိုင်ငံ အစိုးရအနေဖြင့် အွန်လိုင်း လိမ်လည်မှုများနှင့် အွန်လိုင်း လောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံအတွင်းသို့ ရောက်ရှိနေပြီး အွန်လိုင်းလိမ်လည်လောင်းကစားမှုတွင် တစ်နည်းနည်းဖြင့် ပါဝင်ပတ်သက်နေသည့် ပြည်ပနိုင်ငံသားများကိုလည်းတရားဥပဒေနှင့်အညီ စစ်ဆေးကာ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးခြင်းများ၊ အဓိကပြစ်မှုကျူးလွန်ခဲ့သူများကိုလည်း ဖမ်းဆီးထိန်းသိမ်းပြီး သက်ဆိုင်ရာအစိုးရအဖွဲ့ထံ တရားဝင်လွှဲပြောင်းပေးခြင်းများနှင့် တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**









မေလ ၁၃ ရက်နေ့က သံလွင်မြစ်၏ အရှေ့ဘက်ကမ်းတစ်လျှောက်တွင် တရားမဝင်အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများဆောင်ရွက်ခဲ့သည့် သိမ်းဆည်းရမိ အဆောက်အအုံများနှင့် လုပ်ငန်းသုံးပစ္စည်းများ ထပ်မံဖမ်းဆီးရမိမှုကို တွေ့ရစဉ်။



အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်ခဲ့သည့် တရားမဝင် တရုတ်နိုင်ငံသား ၁၀ ဦးကို တွေ့ရစဉ်။







မေလ ၁၄ ရက်နေ့က သံလွင်မြစ်၏ အရှေ့ဘက်ကမ်းတစ်လျှောက်တွင် တရားမဝင်အွန်လိုင်း လိမ်လည်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် သိမ်းဆည်းရမိ အဆောက်အအုံများနှင့် လုပ်ငန်းသုံးပစ္စည်းများကို တွေ့ရစဉ်။

# တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ဘောလုံးအသင်းအား အောင်နိုင်ရေးအလံပေးအပ်ပွဲ ကျင်းပ



နေပြည်တော် မေ ၁၄

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ဘောလုံးအသင်းအား အောင်နိုင်ရေးအလံ ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း တက်ရောက်သည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး အသက်(၁၈)နှစ်အောက် အမျိုးသားဘောလုံးအသင်းအား အောင်နိုင်ရေးအလံနှင့် ထောက်ပံ့ငွေကျပ် ၆၂၇၀၀၀၀ ကိုလည်းကောင်း၊ နေပြည်တော်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌက ထောက်ပံ့ငွေကျပ် ၁၁၀၀၀၀၀၀ ကိုလည်းကောင်း ထောက်ပံ့ပေးအပ်သည်။

ထို့နောက် နေပြည်တော်အမျိုးသမီးအားကစားဆပ်ကော်မတီနာယက၊ ဥက္ကဋ္ဌနှင့် ကော်မတီက နေပြည်တော် အမျိုးသမီးဘော်လီဘောအသင်းအား ထောက်ပံ့ငွေများပေးအပ်ကြရာ နေပြည်တော်ကောင်စီဝင်က ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထွန်းလင်း(ဇေယျာမြေ)

## (၁၄-၅-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၄.၈ ~ ၃၆၆၄.၉ | ၅၅၈.၁~ ၅၅၈.၃ | ၁၂၅.၅ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၇,၃၂၅,၀၆၀.၄၉ | ၃၂,၄၆၃,၃၇၃.၀၀ | ၂၉,၁၃၉,၂၀၁.၄၁ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ စက်မှုကုန်ကြမ်း၊ ဓာတ်မြေသြဇာ၊ ထုပ်ပိုးမှုပစ္စည်းများ၊ စားသုံးကုန်စည်၊ တိရစ္ဆာန်အစာ၊ ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်းများ တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍ ဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၃ ဒသမ ၂၆ သန်းကိုလည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန် ဒေါ်လာ သုည ဒသမ ၀၁ သန်းကိုလည်းကောင်း၊ LNG ကဏ္ဍသို့ အမေရိကန် ဒေါ်လာ ၂ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## မကွေးတိုင်းဒေသကြီး ဆီထွက်သီးနှံအထူးဇုန်(၂)ဧရိယာတွင် ဆီထွက်သီးနှံ ဧကပေါင်း ၃၅၀၀၀၀ ကျော် စိုက်ပျိုးမည်

မင်းဘူး မေ ၁၄

မကွေးတိုင်းဒေသကြီးအတွင်း၌ ဆီထွက်သီးနှံအထူးဇုန်(၂)ဧရိယာရှိ မြို့နယ် ကိုးခုတွင် ဆီထွက်သီးနှံအဖြစ် နှမ်း၊ နေကြာနှင့် မြေပဲတို့ကို ဧကပေါင်း ၃၅၀၀၀၀ ကျော် စိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဇုန်(၂)တာဝန်ခံထံမှ သိရသည်။

ဒေသတွင်း ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် ဆီထွက်သီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ရက်(၁၀၀)စီမံချက်ဖြင့် မျိုးသန့်ပွား စိုက်ပျိုးဆောင်ရွက်မည့် တောင်သူများအတွက် သီးနှံမျိုးစေ့များကို မေ ၁၁ ရက် နံနက်ပိုင်းက မင်းဘူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ပေးအပ်ခဲ့သည်။

မကွေးတိုင်းဒေသကြီးအတွင်း၌ ၂၀၂၆-၂၀၂၇ စိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် ဆီထွက်သီးနှံအထူးဇုန်(၂) ဧရိယာတွင်ပါဝင်သည့် မင်းဘူးခရိုင်အတွင်းမှ မင်းဘူး(စကု)၊ ပွင့်ဖြူ၊ စလင်း၊ စေတုတ္တရာနှင့် ငဖဲမြို့နယ်၊ သရက်ခရိုင်အတွင်းမှ သရက်၊ မင်းတုန်း၊ မင်းလှနှင့် ကံမမြို့နယ်တို့၌ ဆီထွက်သီးနှံများအဖြစ် မြေပဲ၊ နှမ်းနှင့် နေကြာသီးနှံ စိုက်ဧက စုစုပေါင်း ၃၅၅၆၀၀ စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မောင်မောင်(မင်းဘူး)

## အပူချိန်ဆိုင်ရာဘေးအန္တရာယ်များအတွက် ထိခိုက်မှုအခြေပြုခန့်မှန်းချက်ဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကျင်းပ



နေပြည်တော် မေ ၁၄

ပို့ဆောင်ရေး ဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနနှင့် ထိုင်းနိုင်ငံ အခြေစိုက် ဒေသတွင်းဘက်စုံသဘာဝဘေး ကြိုတင်သတိပေးဗဟိုဌာန(Regional Integrated Multi-Hazard Early Warning System - RIMES)တို့ ပူးပေါင်း၍ "အပူချိန်ဆိုင်ရာ ဘေးအန္တရာယ်များအတွက် ထိခိုက်မှုအခြေပြုခန့်မှန်းချက် (Impact-Based Forecasting - IBF)ဆိုင်ရာညှိနှိုင်းဆွေးနွေးပွဲ"ကို ယနေ့တွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ဘက်စုံသဘာဝဘေး ကြိုတင်သတိပေး ဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်မိုးဦးက အမှာစကား ပြောကြားသည်။

ဆွေးနွေးပွဲတွင် အပူချိန်အဆင့်အလိုက် ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများ(Impact Thresholds)နှင့် သက်ဆိုင်ရာကဏ္ဍများအနေဖြင့် ကြိုတင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ(Action Triggers)၊ အပူချိန်ဆိုင်ရာ ဘေးအန္တရာယ်များကြောင့်ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေး၊ စိုက်ပျိုးရေး၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် လူမှုစီးပွားရေးဆိုင်ရာ ထိခိုက်နိုင်မှုများကို ကဏ္ဍအလိုက် ဆွေးနွေးကြပြီး အချက်အလက်များကို အပြန်အလှန်မျှဝေ၍ ပေါင်းစပ်အသုံးပြုနိုင်ရေး ညှိနှိုင်းဆွေးနွေးခဲ့သည်။

အခမ်းအနားသို့ အင်္ဂလန်နိုင်ငံ မိုးလေဝသဌာန(UK Met Office)တို့မှ နည်းပညာဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက Virtual Online ဖြင့် တက်ရောက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကျင်းပ

ပုသိမ် မေ ၁၄

ဧရာဝတီတိုင်းဒေသကြီး ပညာရေးဦးစီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ပူးပေါင်း၍ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် အထက်တန်းအဆင့်စာစီစာကုံးပြိုင်ပွဲကို ပုသိမ်မြို့ အထက(၁) ရတနာတန်ဆောင်ခန်းမတွင် ယနေ့နံနက်ပိုင်းက ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါ်မေသန်းဦး တက်ရောက်ကြည့်ရှုအားပေးသည်။

စာစီစာကုံးပြိုင်ပွဲကို ၂၀၂၆ ခုနှစ်ဆောင်ပုဒ်ဖြစ်သည့် "A Global Call For Climate Action" "ရာသီဥတုပြောင်းလဲမှုကို တိုက်ဖျက်ဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့" ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ရာ ကျောင်းသားကိုးဦး၊ ကျောင်းသူ ၁၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများအား ဇွန် ၅ ရက်တွင် ကျင်းပမည့် တိုင်းဒေသကြီးအဆင့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## ဟင်္သာတမြို့နယ်၌ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်



ဟင်္သာတ မေ ၁၄

ဧရာဝတီတိုင်း ဒေသကြီး ဟင်္သာတမြို့နယ်တွင် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲနှင့် သီးနှံအာမခံအကြောင်း ရှင်းလင်းပြောကြားခြင်းကို ယနေ့နံနက်ပိုင်းက ဟင်္သာတမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ဟင်္သာတခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှိုင်ထွန်းက အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခရိုင်မန်နေဂျာ ဒေါ်ညိုမာမြင့်က ၂၀၂၆ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေနှင့် ပတ်သက်၍ပြောကြားပြီး မြန်မာ့အာမခံလုပ်ငန်း၊ ခရိုင်တာဝန်ခံ ဦးဝင်းဌေးမောင်က တောင်သူများ သီးနှံအာမခံထားရှိရေးကိစ္စနှင့် အာမခံအမျိုးအစားများ၊ အာမခံထားရှိခြင်း၏ အကျိုးကျေးဇူးရလဒ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

စာအုပ်စာပေ လူ့မိတ်ဆွေ

# ကျိုင်းတုံမြို့ သီလဓမ္မကုန်းသာတောရ ပဓာနနာယကဆရာတော် ဘဒ္ဒန္တကောဝိဒ(ဝစီပိတ်ဆရာတော်) သက်တော်(၆၇)နှစ်ပြည့် ဝိဇာတမွေးနေ့ အလှူတော်မင်္ဂလာပွဲ ကျင်းပ



ကျိုင်းတုံ မေ ၁၄

ကျိုင်းတုံမြို့ သီလဓမ္မကုန်းသာတောရ ပဓာနနာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တကောဝိဒ (ဝစီပိတ်ဆရာတော်)၏ သက်တော် (၆၇)နှစ်ပြည့် ဝိဇာတမွေးနေ့ အလှူတော်အကြိုပွဲကို ယမန်နေ့ညနေပိုင်းက ကျင်းပရာ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးသည် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံကျော်နှင့်အတူ တက်ရောက်၍ ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ယနေ့နံနက်ပိုင်းတွင် ဆရာတော်၊ သံဃာတော်များက ဘဒ္ဒန္တကောဝိဒ(ဝစီပိတ်ဆရာတော်)အား သိမ်အတွင်း ဥပသမ္ပဒကံဆောင်သိက္ခာထပ်ပေးကြပြီး သိမ်အဆင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့၊ ဒေသခံပြည်သူများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ၊ နဝကမ္မအလှူငွေများ လောင်းလှူကြသည်။

ဆက်လက်၍ သီလဓမ္မကုန်းသာတောရဘုန်းကြီးကျောင်းတွင် ဆရာတော်၏ (၆၇) နှစ်မြောက် ဝိဇာတမွေးနေ့ဆုတောင်း အခမ်းအနားကို ကျင်းပပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



# ရမည်းသင်းမြို့နယ် ရိုးကြီးကျေးရွာ၌ မြရတနာစေတီတော် ရွှေထီးတော်တင်လှူပူဇော်

ရမည်းသင်း မေ ၁၄

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ရိုးကြီးကျေးရွာ၌ မေ ၁၄ ရက်က မြရတနာစေတီတော် ရွှေထီးတော်တင်လှူပွဲကျင်းပသည်။

အဆိုပါမြရတနာစေတီတော်သည် ရိုးကြီးကျေးရွာအရှေ့တောင်ဘက်တွင် တည်ရှိပြီး ရိုးကြီးကျောင်းဆရာတော်အား အမှူးထားကာ တပည့်ရဟန်းသံဃာတော်များနှင့် အလှူရှင်များက စုပေါင်းတည်ထားခဲ့ကြခြင်းဖြစ်သည်။ မင်္ဂလာအချိန်တွင် ရွှေထီးတော်အဆင့်ဆင့်ကို ဆရာတော်ကြီးများက ဆက်ကပ်ပြီး လက်ယာရစ်ပင့်ဆောင်ကာ ထီးတော်တင်လှူပူဇော်ကြသည်။ ဆက်လက်၍ ကြွရောက်တော်မူသော ဆရာတော်များက ဗုဒ္ဓါဘိသေကအနေကဇာတင်မင်္ဂလာ ပြုကြသည်။

ယင်းနောက် မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ပုတီးကုန်းကျောင်းတိုက် ပဓာနဆရာတော် ဘဒ္ဒန္တကုမာရ(မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ) ဟောကြားသောတရားတော်ကိုနာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ ရွှေထီးတော်တင်လှူပူဇော်ပွဲသို့ ရမည်းသင်းမြို့ ရိုးကြီးရွာ၊ ကမ္မရွာ၊ ကုန်းသာရွာ၊ ပုတီးကုန်းရွာ၊ မြို့လှရွာ၊ မြို့ဟောင်းရွာ၊ တံတားဦးရွာနှင့် အနယ်နယ်အရပ်ရပ်မှ အလှူရှင်များ လာရောက်ကြကြောင်း သိရသည်။

**လှိုင်သန်းတင့်(ရမည်းသင်း)**

○ ကျောဖုံးမှ

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအား ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုခဲ့ကြပြီး တိုင်းမှူးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားကာ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများနှင့်အတူ အထူးနေ့လယ်စာကို သုံးဆောင်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# လှိုင်ကော်မြို့၌ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေး

လှိုင်ကော် မေ ၁၄

မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် (လှိုင်ကော်)ဘဏ်ခွဲက ၂၀၂၆ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့က ကယားပြည်နယ် လှိုင်ကော်မြို့ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်၌ ကျင်းပသည်။



ဦးစွာ ပြည်နယ်စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေး ဝန်ကြီး ဦးတင်လှက မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်အနေဖြင့် နှစ်စဉ် စိုက်ပျိုးစရိတ် ချေးငွေများကို မိုးရာသီ၊ ဆောင်းရာသီနှင့် မိုးကြိုရာသီများတွင် ထုတ်ချေးပေးလျက်ရှိကြောင်း၊ စပါး၊ ဂျုံ၊ ချည်မျှင်ရှည်ဝါ သီးနှံများကို ယခင် တစ်ဧက ငွေကျပ် တစ်သိန်းခွဲမှ ယခု ငွေကျပ် သုံးသိန်းနှင့် အခြား သီးနှံများကို ယခင် တစ်ဧက ငွေကျပ် တစ်သိန်းမှ ယခု ငွေကျပ် နှစ်သိန်းခွဲအထိ တိုးမြှင့်ထုတ်ချေးပေးလျက်ရှိကြောင်း ပြောကြားပြီး မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ လက်ထောက်အထွေထွေမန်နေဂျာနှင့် လှိုင်ကော်ခရိုင်ဘဏ်ခွဲ မန်နေဂျာတို့က ချေးငွေဆိုင်ရာ ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူများက မိုးစပါးစိုက်တောင်သူများနှင့် ပြောင်းသီးနှံစိုက်တောင်သူများအား ချေးငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မေစု(ပြန်/ဆက်)**

# မော်လမြိုင်မြို့ လှိုင်ရတနာမြို့ကွက်သစ် ရေပေးရေးစီမံကိန်းလုပ်ငန်းခွင်သို့ ကွင်းဆင်းစစ်ဆေး



မော်လမြိုင် မေ ၁၄

မွန်ပြည်နယ် မော်လမြိုင်မြို့အတွင်းရှိ ဒေသခံပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိစေရေးအတွက် ဆောင်ရွက်လျက်ရှိသော လှိုင်ရတနာမြို့ကွက်သစ် ရေပေးရေးစီမံကိန်းလုပ်ငန်းခွင်သို့ မေ ၁၄ ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာအောင်မြတ်ကျော်စိန်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စီမံကိန်းဧရိယာအတွင်း ရေပိုက်လိုင်းများသွယ်တန်းနေမှု၊ မြေကျင်းတူးဖော်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

အဆိုပါ လှိုင်ရတနာမြို့ကွက်သစ် ရေပေးရေးစီမံကိန်းသည် မော်လမြိုင်မြို့ပြဖွံ့ဖြိုးရေးနှင့် ပြည်သူတို့၏လူမှုစီးပွားဘဝ မြှင့်တင်ရေးအတွက် အရေးပါသော အခြေခံအဆောက်အအုံ စီမံကိန်းတစ်ခုဖြစ်ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

# ဇဟန်းမြို့နယ်၌ မူးယစ်ဆေးဝါးအန္တရာယ်နှင့် အွန်လိုင်းလိမ်လည်မှုတားဆီးကာကွယ်ရေး အသိပညာပေး

ရန်ကုန် မေ ၁၄

ရန်ကုန်တိုင်းဒေသကြီး ဇဟန်းမြို့နယ်၌ ရက်(၁၀၀)စီမံချက်ဖြင့် မူးယစ်ဆေးဝါးအန္တရာယ်၊ အွန်လိုင်းလိမ်လည်မှုတားဆီးကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် လူထုအခြေပြု ဇဟိုဌာန(ဇဟန်း)၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကံဝင်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ ရဲအုပ်ကျော်သူရထွန်းက လူကုန်ကူးမှုတားဆီး ကာကွယ်ရေးအန္တရာယ် အကြောင်းကိုလည်းကောင်း၊ ရဲအုပ် ဝင်းမင်းသန်းက မူးယစ်ဆေးဝါး အန္တရာယ်အကြောင်းကိုလည်းကောင်း ဟောပြောသည်။ ယင်းနောက်



မြို့နယ်ဥပဒေအရာရှိ ဒေါ်ဆုပြည့်ကျော်က အွန်လိုင်းလိမ်လည်မှု တားဆီးကာကွယ်ရေးအန္တရာယ် အသိပညာဟောပြောခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

❖ **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

❖ **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

## မြန်အောင်မြို့နယ်၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေး

မြန်အောင် မေ ၁၄

ဧရာဝတီတိုင်း ဒေသကြီး မြန်အောင်မြို့နယ်တွင် ရက်(၁၀၀) စီမံချက်ဖြင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်ပွဲ အခမ်းအနားကို မေ ၁၂ ရက်က မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ် မြန်အောင်ဘဏ်ခွဲ၌ ကျင်းပ သည်။



အခမ်းအနားတွင် မြန်အောင် မြို့နယ် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် မြို့နယ်မန်နေဂျာ ဒေါ်စုစုခိုင်က မိုးရာသီစိုက်ပျိုး စရိတ်ချေးငွေ ထုတ်ချေးမည့် လုပ်ငန်းစဉ်များကို ရှင်းလင်း ပြောကြားပြီး ညောင်ဝိုင်းကျေးရွာ အုပ်စုမှ တောင်သူများအတွက် စိုက်ပျိုးစရိတ် ချေးငွေများကို စတင်ထုတ်ချေးပေးသည်။

မြန်အောင် မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၇၃ အုပ်စုမှ တောင်သူ ၁၀၀၀၀ ကျော် တို့၏ လယ်ယာမြေ ဧက ၇၂၀၀၀ အတွက် စိုက်ပျိုးစရိတ်ချေးငွေကျပ် သန်း ၂၁၆၀၀ ကို ထုတ်ချေး ပေးသွားမည်ဖြစ်ကြောင်း သိရ သည်။

မြို့နယ်(ပြန်/ဆက်)



## အောင်လံမြို့နယ်၌ နှမ်းစပါးစိုက်ခင်းများ ကြည့်ရှုစစ်ဆေး

အောင်လံ မေ ၁၄

မကွေးတိုင်းဒေသကြီး အောင်လံမြို့၌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများသည် ရက်(၁၀၀)စီမံချက်ဖြင့် ယမန်နေ့က အောင်လံမြို့နယ်အတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းရာတွင် နိုင်ငံတော်ထောက်ပံ့ငွေ (သက်တံ့ရောင်စီမံကိန်း)မှ ကျပ် ၇၀ ဒသမ ၉၄၈၅ သန်းနှင့် မျိုးစေ့၊ သွင်းအားစုများ ထောက်ပံ့ပေးအပ်ထားသည့် နံ့ဇူပင်ကျေးရွာရှိ သမဝါယမအသင်းသားများ၏ နှမ်းစပါးစိုက်ပျိုးထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အာကာ(ပြန်/ဆက်)

## မတ္တရာမြို့နယ်၌ ဒေသန္တရစီမံကိန်း ရည်မှန်းချက်များတာဝန်ပေးအပ်ပွဲ ကျင်းပ

မတ္တရာ မေ ၁၄

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေး ကော်မတီအတွင်းရေးမှူး မြို့နယ်စီမံကိန်းဦးစီးမှူး ဦးဇော်လင်းသိန်း က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်များ အကောင် အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်း



ချက်တာဝန်များကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံကိန်းရေးဆွဲ အကောင်အထည် ဖော်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာတာဝန်ရှိသူ များထံ ကဏ္ဍအလိုက်ပေးအပ်ခဲ့ကြောင်း သိရသည်။

ရွှေရာသား



ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ဇော်လွင်ဦး ဦးဆောင်သော တပ်ဖွဲ့ဝင်များက ရက်(၁၀၀)ကာလ အတွင်း ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် သန့်ရှင်းရေးဆောင်ရွက် ခြင်းကို မဟာသုခမ္မာတိုက် ဝါဆိုကျောင်းတိုက်တွင် မေ ၁၃ ရက်က ပြုလုပ်စဉ်။

မန်းကျော်(ပြန်/ဆက်)

## ဘားအံမြို့၌ ကူးစက်ရောဂါကာကွယ်ဆေးထိုးနှံ

ဘားအံ မေ ၁၄

ကရင်ပြည်နယ်ဘားအံမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ရက်(၁၀၀)စီမံချက်ဖြင့် တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ဆေးထိုး လုပ်ငန်းကို မေ ၁၃ ရက် နံနက်ပိုင်းက လှာကဒေါင်မွေးမြူရေးဇုန်၌ ကွင်းဆင်းဆောင်ရွက်ခဲ့ရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှပြည်နယ် ဦးစီးမှူး၊ ဒုတိယပြည်နယ်ဦးစီးမှူး၊ ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက မွေးမြူရေးဇုန်အတွင်း မွေးမြူထားရှိသည့် နွားများ၊ ဝက်များအား တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ဆေးများကို ထိုးနှံပေးခဲ့ ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)





## ရွှေပြည်သာမြို့နယ်၌ တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်

ရန်ကုန် မေ ၁၄

အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေးစီမံကိန်းလုပ်ငန်းအဖြစ် တန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရွှေပြည်သာမြို့နယ် ပျိုမေ့အိမ်ရာ၌ ပြုလုပ်သည်။

**ရှင်းလင်းပြောကြား**

သင်တန်းဖွင့်ပွဲတွင် ရွှေပြည်သာမြို့နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသိန်းနိုင်က အမှာစကားပြောကြားပြီး ရန်ကုန်တိုင်း ဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးက ဌာန၏လုပ်ငန်းဆောင်ရွက်နေမှုများ၊ အသက်မွေးဝမ်းကျောင်း သင်တန်း ဖွင့်လှစ်ပေးနေမှုများ၊ စားသောက်ကုန် လူသုံးကုန်လုပ်ငန်းများ အား ခာတ်ခွဲစမ်းသပ်ပြီး ဈေးကွက်တွင် ဘေးအန္တရာယ်ကင်းရှင်းစွာ ဖြန့်ဖြူးရောင်းချနိုင်စေရန် လုပ်ငန်းမှတ်ပုံတင်ဆောင်ရွက်ပေးနေမှု များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် သင်တန်းသား သင်တန်းသူ ၁၅ ဦးအား ကိတ်မုန့်အမျိုးမျိုးပြုလုပ်နည်းများကို ကိုယ်ပိုင်လုပ်ငန်းထူထောင်နိုင် သည်အထိ မေ ၁၄ ရက်မှ ၂၀ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြား ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သက်လွင်စိုး(ပြန်/ဆက်)

## စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ၇၄၉၉ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် မေ ၁၄

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံး နိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက ဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီ တင်ပို့သည့်နိုင်ငံများ၏ဈေးနှုန်း အတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်း ဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက် နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ မေ ၁၅ ရက်မှ ၂၁ ရက်အထိ ရန်ကုန် အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၇၄၉၉ ကျပ်ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန် ကြေညာထားကြောင်း သိရသည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများ အနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင် များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာ နိုင်ကြောင်း သိရသည်။

သတင်းစဉ်

*** လာဇီယိုမှ**

အခုပွဲစဉ်မှာ သွင်းဂိုးတစ်ဂိုး သွင်းယူပေးခဲ့တဲ့ တိုက်စစ်မှူး မာတီနက်ဇ်ဟာ ယခုဘောလုံးရာသီမှာ အင်တာမီလန်အသင်းနဲ့အတူ ပြိုင်ပွဲစုံ သွင်းဂိုး ၂၂ ဂိုးအထိ သွင်းယူနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

အင်တာမီလန်အသင်းဟာ လာဇီယိုအသင်းကို အနိုင်ရရှိပြီး ကိုပါအီတာလီယာဖလားကို ဆွတ်ခူးနိုင်ခဲ့တာကြောင့် ယခုဘောလုံး ရာသီမှာ အီတလီစီးရီးအေဖလားအပါအဝင် ပြည်တွင်းဆုဖလားနှစ်လုံး ကို ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်ပြီး အီတလီစီးရီးအေဖလားကိုတော့ (၂၁)ကြိမ် မြောက် ဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။

အင်တာမီလန်အသင်းဟာ အခုလို ကိုပါအီတာလီယာဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းဟာ ၂၀၂၃ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ဆွတ်ခူး ခဲ့တာဖြစ်ပြီး အသင်းသမိုင်းတစ်လျှောက် ကိုပါအီတာလီယာဖလားကို (၁၀)ကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့တာလည်းဖြစ်ပါတယ်။

ငွေကြယ်

**နေရောင်အောက်က သက်ရှိတွေကို**
**စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
## (ရေအရင်းအမြစ်)
## လှိုင်ကော်ခရိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကယားပြည်နယ်၊ လှိုင်ကော်ခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန ( ရေအရင်းအမြစ် ) မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် Lot (4) လှိုင်ကော်မြို့နယ် မိုင်းလုံး 33/11 kV 1MVA Transformer & Accessories (၁)စုံ တပ်ဆင်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသဖြင့် စိတ်ပါဝင်စားသည့် မြန်မာနိုင်ငံသားလုပ်ငန်းရှင် မည်သူမဆို အိတ်ဖွင့်တင်ဒါ (Open Tender) လျှောက်လွှာ တင်သွင်းနိုင်ပါသည်။

| | | |
|---|---|---|
| ၂။ | တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | -၁၄-၅-၂၀၂၆ရက်နေ့မှ ၂၈-၅-၂၀၂၆ ရက်နေ့အထိ |
| ၃။ | တင်ဒါပုံစံရောင်းချမည့်နေရာ | -၁၄-၅-၂၀၂၆ ရက်နေ့မှစ၍ (ရုံးချိန်အတွင်း) ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လှိုင်ကော်ခရိုင်၊ နမ့်ဘော်ဝမ် (က)ရပ်ကွက်၊ လှိုင်ကော်မြို့ |
| ၄။ | တင်ဒါပုံစံပိတ်မည့် ရက်စွဲ/အချိန် | -၂၉-၅-၂၀၂၆၊ (၁၂:၀၀နာရီ) |

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက လှိုင်ကော်ခရိုင်၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး ဖုန်း- ၀၉-၅၆၀၀၉၄၉/၀၉-၄၅၉၈၇၀၆၇၅ သို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းမေးမြန်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရွေးချယ်ရေးကော်မတီ**

## "ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာစာ"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၅၊ ဦးဟိန်းစွန်းလမ်း၊ မြေကွက်အမှတ်-၁၁၈၂၊ အကျယ်အဝန်း(၄၀x၆၀)၊ ဧရိယာ (၀.၀၅၅) ဧကရှိ နှစ် (၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ဂရန်အမည်ပေါက် ဒေါ်စန္ဒာစိုး [၁၂/ရကန (နိုင်) ၀၁၈၁၁၀] ထံမှ ယခုရောင်းချသူ ဒေါ်အိသဉ္ဇာထွန်း [၁၂/ဒပန (နိုင်) ၀၅၉၂၄၀] က အရောင်းအဝယ် စာချုပ်မှတ်ပုံတင်အမှတ်-၁၂၄/၂၀၂၆ ဖြင့် ဝယ်ယူ ပိုင်ဆိုင်ထားပြီး ရောင်းချလိုကြောင်း ကမ်းလှမ်းလာသည်ကို ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးပြည့်ဖြိုးထွန်းနှင့် ဒေါ်သူဇာဝင်းတို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများ ရှိပါက တိကျခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ အပြီးသတ်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးပြည့်ဖြိုးထွန်း + ဒေါ်သူဇာဝင်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ခင်စုစုဖြိုး (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၅၀၄)**
**အမှတ်-၇၆၁၊ သိန္နီလမ်း၊ (၄၀) ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၉၂၅၄၇၀၈၊ ၀၉- ၈၉၂၈၂၃၂၁၁**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ်(၂) လမ်း၊ အပိုင်း(၄)ရှိ အမှတ်(၈၅၂)ဟုခေါ်တွင်သောမြေပေါ်တွင် ဆောက်လုပ်ထားသော ကန်ထရိုက်တိုက် (၆) ထပ်တိုက် အဆောက်အဦ၏ ပထမထပ် (၂-လွှာ)၊ (ခေါင်းရင်းခန်း) (၁၂ပေခွဲxပေ ၅၀)ရှိ တိုက်ခန်းနှင့် ပတ်သက်၍ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဦးညွန့်ဝင်း မှတ်ပုံတင်အမှတ် [၁၄/ပသန(နိုင်)၀၇၂၄၂၆] ကိုင်ဆောင်သူမှ လက်ရှိထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အဆိုပါ တိုက်ခန်းနှင့် သက်ဆိုင်သည့် အကျိုးခံစား ခွင့်အရပ်ရပ်အားလုံးတို့ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နှင်းနွေးလှိုင် မှတ်ပုံတင် အမှတ် [၁၂/အစန(နိုင်)၂၃၅၇၈၄]ကိုင်ဆောင်သူမှ ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသအား ဦးညွန့်ဝင်းထံသို့ ပေးချေထားပြီးဖြစ်ပါကြောင်း အရောင်း အဝယ်အား ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် စာရွက် စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ပိုင်ရေးဆိုင်ခွင့်ရှိသူတို့မှ ကျွန်ုပ် ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်း အဝယ်ကို တရားဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးချမ်းငြိမ်းဇေယျာလင်း**
**အထက်တန်းရှေ့နေ(စဉ်-၅၅၃၅၈)**
**အမှတ်(ခ/၈၅၇)၊ (၂)လမ်း၊ အပိုင်း(၅)၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉ - ၄၅၄၃၄၃၉၀၈**

တရားမပုံစံအမှတ် ၃၃

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ - ၂၀)
## သာကေတမြို့နယ်တရားရုံးတော်၌
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၄၂

| | | |
|---|---|---|
| ဦးမောင်ရွှေ | နှင့် | ၁။ ဦးထွေးညွန့် ၂။ဒေါ်ခင်ထွေး |
| (တရားလို) | | (တရားပြိုင်များ) |

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁/အနော်မာ)ရပ်ကွက်၊ အနော်မာ(၇)လမ်း၊ အမှတ်(၃၀၂/ခ)နေ တရားပြိုင်များဖြစ်ကြသော ၁။ ဦးထွေးညွန့် ၂။ ဒေါ်ခင်ထွေး (အတူနေလင်မယား) (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဦးမောင်ရွှေက ပဋိညာဉ်အတိုင်း နှစ်ဦးသဘောတူ မြေနှင့်အိမ် အရောင်းအဝယ်ကတိစာချုပ်ကိုမှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲ ဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါ၍ ဖြစ်စေ ၂၀၂၆ ခုနှစ်၊ မေလ (၂၈) ရက် (၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက် ) နံနက်(၁၀:၀၀)အချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလို၏စွဲဆို ချက်ကို ထုချေရှင်းလင်းရန်ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရ မည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့ မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင် လာရမည်။ သို့တည်းမဟုတ် သင်တို့၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ် လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ ( ၄) ရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ မေလ (၁၄) ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(တင်ဇာဝင်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**သာကေတမြို့နယ်တရားရုံး**

## "ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင် ၊ လှည်းကူးမြို့နယ်၊ မြို့မတိုးချဲ့ ရပ်ကွက်၊ (၈/၂) ၊ ဒေါနလမ်း၊ မြို့ကွက်တိုးချဲ့တည်ဆောက် နေရာချထားရေးအဖွဲ့မှ ဦးအုန်းသန်း [၁၂/လကန(နိုင်)၁၀၆၈၂၄]အမည်ဖြင့် ချထားပေးသော မြေကွက်ကြီး အမှတ် (၈/၂)၊ အိမ်ရာကွက်ငယ် အမှတ် (၄၁၀)၊ အလျား (၄၀') x အနံ (၆၀'' မြေ အနက်မှ မြောက်ဘက် စလစ်မိတ္တူခြမ်း အလျား (၂၀') x အနံ (၆၀') မြေပေါ်တွင် ဆောက်လုပ်ထားသည့် နေအိမ် (၁)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား လုံးတို့ကို အရှုပ်အရှင်းကင်းရှင်းစွာ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုရှိသူဖြစ်သော ဦးသန်းလွင် (ဘ) ဦးစံညိမ်း [၁၂/လကန (နိုင်)၀၀၅၉၆၇] ထံမှ ကျွန်ုပ်၏မိတ်ဆွေ က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေများပေးချေ ထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ ဒေါ်ဝါဝါလှိုင် ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်မချူအေးသိန်း (LL.B)** | **ဒေါ်ဝင်းမာဦး (LL.B)** |
| **(တရားလွှတ်တော်ရှေ့နေ)(စဉ်-၁၂၂၅၇)** | **(အထက်တန်းရှေ့နေ)(စဉ်-၅၇၀၂၁)** |

**(မမ/၃၂၄)၊ တန်းမကြီးလမ်း၊ မြို့မရပ်ကွက်၊ လှည်းကူးမြို့နယ်။**
**၀၉-၅၀၄၁၄၈၃၊ ၀၉-၄၃၀၂၃၃၂၁**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မလွှကုန်းဒွေးကြွယ်(က) ရပ်ကွက်၊ သတိပဋ္ဌာန်လမ်း၊ တိုက်အမှတ်(၅၅)၊ ပထမထပ်(ခြေရင်းခန်း) တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်ကို ကတိစာချုပ်အရ ဝယ်ယူလက်ရှိ ထားပိုင်ဆိုင်သူ ဒေါ်ခင်မြတ်နိုးသွယ် [၁၂/ဥကမ(နိုင်)၂၄၂၆၆၇]ထံမှ ဒေါ်ခင်သင်းကြူ[၁၂/ဒဂန (နိုင်) ၀၁၆၀၂၈]က အဆိုပါ တိုက်ခန်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်း အရောင်းအဝယ်အတွက် ကန့်ကွက်ရန်ရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း အထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ် ရက်အတွင်း ခိုင်လုံသော ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ် ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းကြေညာအပ်ပါသည်။

**ဒေါ်ခင်သင်းကြူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ရုံး - အမှတ်(၅၀)စီ/၃၊ (ပ-ထပ်)၊ ဘဏ်လမ်း၊ ကျောက်တံတား မြို့နယ်၊ ရန်ကုန်မြို့။** | **ဦးလှမင်း(ပေါင်းတည်) LL.B(ADVOCATE) တရားလွှတ်တော်ရှေ့နေ** |
| **ဖုန်း - ၀၉ - ၅၀၃၃၁၇၂** | **(စဉ် - ၅၅၅၅/၉၁)** |

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောတောင် ရပ်ကွက်၊ ဟသ်ာတလမ်း၊ အမှတ်(၅၂)ဟုခေါ်တွင်သော (၆)ထပ်တိုက် အဆောက်အဦ၏ အကျယ်အဝန်း အလျား(၁၄)ပေx အနံ (၅၀)ပေရှိ ဒုတိယ ထပ်ခေါင်းရင်းခြမ်းအလွှာနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင် ခွင့်ရှိကြောင်း အဆိုပြုသူ ဦးသက်နိုင်ဦး [၁၄/ပသန(နိုင်)၁၅၅၇၀၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား များဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက် အရေးဆိုနိုင်ပါ သည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွား မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြတ်မြတ်သိမ်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၃၇၈)**
**အမှတ်(၄၁၄)၊ ကျန်စစ်သားလမ်း၊ (၇)ရပ်ကွက်၊ ဒဂုံအရှေ့၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၁၁၅၅၉၈၈**

## ကန့်ကွက်နိုင်ပါကြောင်းအများသိရှိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ကျောင်းကုန်း(န/၂၆) ရပ်ကွက်၊ ခိုင်စံပါယ်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (န /၅၃)၊ မြေကွက်အမှတ် (၈၀)၊ ဦးတင်သန်း အမည်ပေါက် မြေချပါမစ်(မူရင်း)၊ မြေအကျယ်အဝန်း အလျား (၄၀)ပေxအနံ(၆၀)ပေရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးတင်သန်း [၁၂/တကန(နိုင်)၀၈၈၆၃၁] ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးသန်းဌေး [၁၄/ကခန(နိုင်)၀၄၁၉၆၅]က အပြီးအပိုင် ဝယ်ယူရန်အတွက် (စရန်ငွေ) တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသည်ဟု အဆိုရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက အရောင်း အဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်အထိ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးသန်းဌေး** | **ဒေါ်တင်တင်ညို (LL.B)** |
| **[၁၄/ကခန(နိုင်)၀၉၁၉၆၅]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၃၇၂)** |

**ဇရပ်ကွင်းကျေးရွာ၊ လှည်းကူးမြို့နယ်။**
**၀၉-၇၆၃၂၇၈၈၃၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၄၃)၊ ပညာတန်ဆောင်(၂)လမ်း၊ မြေကွက်အမှတ်(၂၁၀) ဟုခေါ် တွင်သော အကျယ်အဝန်း(အလျား ၄၀ ပေx အနံ ၆၀ပေ)ရှိ ဦးမျိုးမင်းဆန်း အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် မြေကွက်ကြီးအနက်မှ ပြန်လည်ခွဲစိတ်ရခြင်း မရှိသေးသော (ခေါင်းရင်းခြမ်း) အကျယ်အဝန်း(အလျား၂၀ပေxအနံ၆၀ပေ)၊ မြေကွက်အမှတ်-၂၁၁နှင့် (ကပ်လျက် ဘက်ခြမ်း) မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်အေးအေး မွန် [၁၂/အလန(နိုင်)၀၄၅၁၉၅] မှ ဝယ်ယူပိုင်ဆိုင်လက်ရှိထားပြီး လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်မိတ်ဆွေ ဒေါ်နန်းစံဖောင်း [၁၃/ကသန(နိုင်)၀၅၀၅၂၅] မှ စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေဝယ်ယူ ထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်မည့်သူများရှိပါက ဤကြော်ငြာပါရှိသည့်ရက်မှ (၇)ရက်အတွင်း တရားဝင်ခိုင်မာသော စာချုပ် စာတမ်း အထောက်အထား (မူရင်း)များနှင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်နေ့အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးစိုင်းမျိုးထက် (LL.B)** | **ဒေါ်ငြိမ်းငြိမ်းနိုင် (LL.B)** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၃၁၉၄၁/၃-၉-၂၀၀၉)** | **(စဉ်-၅၆၈၁၂/၁၁-၃-၂၀၂၅)** |

**အမှတ်(က/၉၁၁)၊ သုဇာတာ(၂)လမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ၀၉-၇၉၆၉၆၉၃၃၅**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅၃)၊ မြေကွက်အမှတ်-၂၆၈၇၊ အကျယ်အဝန်း (၄၀x၆၀)ပေရှိပါမစ်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေယာဌာနတွင် ဒေါ်ညိုညိုဝင်း[၁၂/သလန(နိုင်) ၀၁၃၆၄၆]အမည်ပေါက်လျက်ရှိပြီး၊ ၎င်းထံမှ အရပ်ကတိဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်၍ အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့်တရားဝင် ရောင်းချပိုင်ခွင့်ရှိ ကြောင်း အဆိုပြုသူ ဦးငြိမ်းချမ်းအောင် [၉/သေရ(နိုင်) ၀၀၀၆၉၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နန်းနုနွန်း [၁၃/ပလတ (နိုင်) ၀၀၇၃၀၄]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ် စာတမ်း အထောက်အထား မူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါ သည်။ ထိုရက်မှကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာ အပ်ပါသည်။

**ဒေါ်နန်းနုနွန်း၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သဲစုထွေး ( LL.B,D.B.L,D.M.L,D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၂၁၇၃)**
**အမှတ်- ၁၀၅၆၊ ဦးဘဇော်လမ်း၊ (၅၈) ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉- ၂၅၁၀၂၀၄၁၅၊ ၀၉- ၆၇၂၄၄၄၆၅၆**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၇)၊ မြေကွက်အမှတ်(၇၃၈)၏ မြေအကျယ် အဝန်း(၄၀x၆၀)ပေထဲမှ မြေကွက်အမှတ်(၇၃၉)နှင့် ကပ်လျက်ဘက်ခြမ်း၏ မြေအကျယ်အဝန်း (၂၀ x ၆၀)ပေရှိ ဒေါ်ကြင် မြ(KMA-၀၁၄၈၆၂)အမည်ပေါက် မြေချပါမစ်(မူရင်း)ဘက်ခြမ်း မြေအမျိုးအစားမြေကွက်နှင့်တကွ အကျိုးခံစားခွင့် အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဦးအောင်မြင့်မြတ် [၇/ကဝန(နိုင်)၁၄၀၃၀၈]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါ သည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက် အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ် သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂)** | **ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉)** |
| **(LL.B,D.I.L)** | **(LL.B,D.B.L,D.I.L,WIPO Switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၄၅၇၇၅၁၂၄၁**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၀)၊ မြေကွက်အမှတ်(၅၀)၏ မြေအကျယ် အဝန်း(၄၀x၆၀)ပေရှိ ဦးစိန်တုတ်(DV-၀၁၃၄၇၅)အမည်ပေါက် မြေချပါမစ်မြေ အမျိုးအစားမြေကွက် နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးဇော်မျိုးထက် [၁၂/တမန(နိုင်)၁၁၀၀၇၇]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီး ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက် ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂)** | **ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉)** |
| **(LL.B,D.I.L)** | **(LL.B,D.B.L,D.I.L,WIPO Switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၄၅၇၇၅၁၂၄၁**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်နေ ဒေါ်သူဇာဦး [၁၂/တမန(နိုင်) ၁၃၃၂၂၃] ၏ဖခင် ဦးမြင့်ဦး [PBDN-009529] ၏ အမည်မှာ ဦးမြင့်ဦးနှင့် ဦးမောင်နီမြင့်ဖြစ် နေသော်လည်း လူပုဂ္ဂိုလ် တစ်ဦး တည်း ဖြစ်ပါကြောင်း။

## အမည်မှန်

ရန်ကုန်မြို့၊ မြောက်ဒဂုံ မြို့နယ်၊ အ.လ.က(၃) Grade(6) တွင် ပညာသင်ကြားနေသော (ဘ) ဦးစိန်သန်းကျော် [၁၄/ ကကထ(နိုင်)၁၆၁၄၂၆] ၏ သမီး မရွှေရမင်းသူ၏ အမည်မှန်မှာ မရွှေယမင်းသူဖြစ်ပါကြောင်း။

## ပြင်ဆင်ဖတ်ရှုပါရန်

၁၄-၅-၂၀၂၆ရက်၊ ကြေးမုံ သတင်းစာ၊ စာမျက်နှာ(၃၀)ပါ အထက်တန်းရှေ့နေ ဦးတင့်ဇော်၏ ကန့်ကွက်နိုင်ကြောင်း အများ သိစေရန် ကြေညာတွင် အကျယ် အဝန်း (အလျား၄၅x အနံ၁၃ပေ) အစား (အလျား၄၅ပေx အနံ၁၅ပေ) ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## အမည်ပြောင်း

ရန်ကုန်တိုင်း ဒေသကြီး၊ သာကေတမြို့နယ်နေ အ.ထ.က (၅) ဗိုလ်တထောင် G-12 တွင် ပညာသင်ကြားနေသော (ဘ) ဦးသိန်းလှိုင် [၁၁/ကတန(နိုင်) ၀၄၄၀၅၃]၏ သမီး မမျိုးမြတ်သန္တာ နွယ်အား မသီရိစံဟု ပြောင်းလဲ ခေါ်ပါရန်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

သာစည်မြို့နယ်၊ ညောင်ရမ်း မြို့မကျေးရွာအုပ်စု၊ လက်ထပ် ကုန်းကျေးရွာမှ မအိအိချောမွန် ၏ ဖခင် ဦးမောင်ဇော်(ခ)ဦးဇော် လွင် [၉/သစန(နိုင်)၀၆၇၇၂၇] မှာတစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမောင်ဇော်(ခ)ဦးဇော်လွင်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ညောင်လေးပင်မြို့၊ မုက္ခမူကျေးရွာ၊ ကွင်းအမှတ်နှင့်အမည်၊ (၁၇၅က)၊ ဆွဲဒလွဲစားကျက်။ ဦးပိုင်အမှတ်(၁၄၂)၊ မြေကွက်အမှတ် (၁၁၄/၁၃၀)၊ မြေဧရိယာ(၀.၁၆)ဧက အရှေ့ဘက်-ညောင်လေးပင် မဒေါက်လမ်း၊ အနောက်ဘက်-မုက္ခမူချောင်း၊ တောင်ဘက်-ဒေါ်တင် နေအိမ်၊ မြောက်ဘက်-ဦးသက်ဦးနေအိမ်တို့အား မြို့နယ်စစ်မှုထမ်း ဟောင်းရုံး(ကိုယ်စား)ဦးပြေရှိန်မှ မြေငှားဂရန်ထုတ်ပေးရန် လျှောက် ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိ ပါက ၂၀၂၆ခုနှစ်၊ မေလ(၂၂) ရက်နေ့ နောက်ဆုံးထား၍ ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ညောင်လေးပင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်၊ သုမိတ္တာ (၆)လမ်း၊ အမှတ်(၁၈၇)ရှိ ဦးအစ္စမေးလ် အမည်ပေါက် နှစ်(၆၀)ဂရန်မြေ ဧရိယာ (၂၅ပေx ၅၀ပေ)အနက် ခေါင်းရင်းဘက် (၁၂ပေခွဲx၅၀ပေ)အား အရောင်းအဝယ် အဆင့်ဆင့်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သော ဒေါ်သန်းသန်းဌေး [၁၂/ဥကမ(နိုင်) ၀၂၅၈၁၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးမောင်မောင်ဌေး [၉/မခန(နိုင်)၃၃၉၂၁၆] သည် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေ ထားပြီးဖြစ်ပါသည်။ အဆိုပါ အိမ်နှင့်မြေအရောင်းအဝယ် ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသည့် စာရွက်စာတမ်း အထောက် အထား မူရင်းများတင်ပြ၍ ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမောင်မောင်ဌေး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ယဉ်နွယ်ဝင်း (LLB, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၄၁၃)**
**အမှတ်(၅၇၈)၊ ဥမ္မာလမ်း၊ (၁)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။**
**၀၉-၄၀၂၅၁၂၉၀၁**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ပြုံးမွန်(ဘ)ဦးမြသွင်[၁၂/သလန (နိုင်)၀၇၆၈၅၇] မှအောက်ပါအတိုင်း အများသိစေရန်ကြေညာအပ် သည်မှာ-

ဒေါ်ခင်ပြုံးမွန်သည် မိခင်နှင့် မောင်နှမများထံမှအမွေဝေစု ကြိုတင်ရရှိပြီးဖြစ်၍ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ပဲခူးစု ရပ်ကွက်၊ မာဃလမ်းသွယ်(၂)၊ အိမ်အမှတ်(၇၄)၊ ပေ(၄၀x၆၀)ရှိ နေအိမ်ခြံမြေနှင့် ပတ်သက်၍ အမွေဆက်ခံခွင့် စွန့်လွှတ်ပါကြောင်း နှင့် နောက်နောင် အဆိုပါအိမ်ခြံမြေနှင့် ပတ်သက်၍ အမွေဝေစုထပ်မံ တောင်းခံခြင်း၊ အမှုအခင်းပြုလုပ်ခြင်း၊ မိခင်နှင့်မောင်နှမများရှိရာ နေအိမ်နှင့်ခြံမြေထဲသို့ ခွင့်မပြုဘဲလာရောက်ခြင်း၊ နှောင့်ယှက်ခြင်း များ လုံးဝမပြုလုပ်ပါဟု အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သီရိဦး (LL.B)(LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၂၃၀)**
**အမှတ်(၉)၊ မဂ္ဂင်လမ်း၊ ပဲခူးစုရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း-၀၉-၇၉၉၂၂၉၁၈၃**

## ကန့်ကွက်နိုင်ကြောင်းကြေညာစာ

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ကန်/ရွှေရပ်ကွက်၊မြန်မာ့ဂုဏ်ရည်လမ်း၊အမှတ်(၁၀၀)ဟုခေါ်တွင်သောဓါတ်လှေကားပါ(၂)ခန်းတွဲ၈ထပ်ခွဲတိုက်၏အကျယ်အဝန်း(၂၃'×၅၀')ရှိPentHouse (ဘယ်+ညာ)တပြင်လုံးရေမီးစုံအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားတရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူဒေါ်ဇင်မာလွင်(၁၂/သဃက(နိုင်)၁၈၀၉၅၂)ထံမှကျွန်ုပ်၏မိတ်ဆွေကအပြီးသတ်ငွေပေးချေ၍ဝယ်ယူပြီးဖြစ်ပါသည်။ကန့်ကွက်လိုသူများရှိပါကခိုင်မာသောအထောက်အထားမူရင်းများနှင့်တကွကျွန်ုပ်ထံသို့ဤကြေညာစာပါသည့်နေ့မှစ၍(၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မှုမရှိပါကဤအရောင်းအဝယ်သည်ဥပဒေနှင့်အညီဆက်လက်အတည်ဖြစ်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်အေးမြင့်(စဉ်-၇၁၅၈)
LL.B, LL.M, D.B.L
တရားလွှတ်တော်ရှေ့နေ
အမှတ်(၁၇၈)၊မြေညီထပ်၊(၃၄)လမ်း၊ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း - ၀၉ - ၅၁၈၆၀၄၅။

## ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ (၁၁၉)လမ်း၊ အမှတ်(၂၁)၊ မြေညီ(ဝဲ) တိုက်ခန်းနှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါတိုက်ခန်းသည် ဦးဇော်ခင်[၁၂/မဂတ(နိုင်)၀၆၇၅၈၉] လက်ရှိထားစီမံခန့်ခွဲခွင့်ရှိသည့် တိုက်ခန်းဖြစ်ပြီး၊ ဦးဇော်ခင်က အဆိုပါတိုက်ခန်းအသုံးပြုခွင့်ကို စာချုပ်ချုပ်ဆို၍ ဒေါ်အေးချမ်းမေသို့ ပေးအပ်ထားပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းကို ဦးဇော်ခင်က ဒေါ်အေးချမ်းမေသို့ စာချုပ်ချုပ်ဆို၍ ဆက်လက်အသုံးပြုခွင့်ပေးခြင်းကို မည်သူမျှတားဆီးခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ပြောဆိုခြင်း၊ တိုက်ခန်း အသုံးပြု၍ မရအောင် ဥပဒေနှင့်အညီမဟုတ်ဘဲ ဆောင်ရွက်ခြင်း၊ ဦးဇော်ခင်၏ တိုက်ခန်းလက်ရှိထား စီမံခန့်ခွဲခွင့်ကို တစ်နည်းနည်းဖြင့် ထိပါးခြင်းတို့အား လုံး၀(လုံး၀)မပြုလုပ်ကြပါရန် သတိပေး/အသိပေးအပ်ပါသည်။ လိုက်နာခြင်းမပြုပါက ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဦးဇော်ခင်၏လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဒေါ်အေးအေးမူ(LL.B) | ဦးသိမ်းထူးအောင် (LL.B) |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| (စဉ်-၁၅၇၇၉/၃၀-၇-၂၀၁၉) | (စဉ်-၁၂၁၈၃/၂၈-၂-၂၀၁၇) |
| အမှတ်(၂၃)အောက်စု(စံပြ)ကျေးရွာ၊ ညောင်တုန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး | အမှတ်-၈/၁၈၂၊ အောင်သုခလမ်း၊ ၂၅-ရပ်ကွက် (ဘုံရှည်ကုန်း) ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph:09-421095120 |

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ မြေကွက်အမှတ် (၉၃၇)၊ အကျယ်အဝန်း (၃၉ပေx၆၀ပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၉၃၇)၊ မာဃ(၁၂)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ဟုခေါ်တွင်သည့် မြေနှင့်အိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အား မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်ပိုင်ဆိုင်ထားကြောင်း ရောင်းချခြင်းဖြင့် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးကျင်အောင် [၁၂/တမန (နိုင်)၀၄၃၇၈၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍(၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ -
ဒေါ်အိသီရိကြူ LL.B, M.A (Business Law)
တရားလွှတ်တော်ရှေ့နေ (စဉ်-၉၅၃၃)
အမှတ်(၁၇)၊ အနော်ရထာလမ်း ၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉- ၄၃၁၆၃၄၀၅

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ - ၂၀ )
## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၁၃

| | | |
|---|---|---|
| ဒေါ်အေးစန္ဒာ | နှင့် | ဦးညွန့်လှိုင် |
| **(တရားလို)** | | **(တရားပြိုင်)** |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆) ရပ်ကွက်၊ မိုးမခလမ်း၊ အမှတ်- ၉၆၅နေ ဦးညွန့်လှိုင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌တရားလိုက "ပဋိညာဉ်အတိုင်းမြေကွက်နှင့် နေအိမ်အပြီးအပိုင် အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ မေလ ၂၂ ရက် ( ၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၇ ရက်)နေ့ မွန်းမတည့်မီ(၁၀:၀၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ မေလ ၈ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝင့်ဝါဖေဝင်း)
မြို့နယ်တရားသူကြီး
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး

## "ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၇/အရှေ့ရပ်ကွက်၊ ပိတောက်ရွှေဝါလမ်း၊ အမှတ်(၉၁/ခ)ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်(၇/အရှေ့)၊ မြေကွက်အမှတ်(၉၁/ခ)၊ အကျယ်အဝန်း(အလျား ၂၀ ပေx အနံ ၆၀ ပေ)ရှိ ဒေါ်ယုယုအောင် [၁၂/ကမရ(နိုင်)၀၀၇၀၈၄]အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို ရောင်းချသူ ဒေါ်ယုယုအောင်[၁၂/ကမရ(နိုင်)၀၀၇၀၈၄]မှ ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မေသဇင်[၁၂/သကတ(နိုင်) ၁၇၈၄၅၂]မှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အိမ်ခြံမြေနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသည့် စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးကျော်မျိုးလင်းထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၂၀၁၃) (၁၄-၂-၂၀၁၇)**
**အမှတ်(၁၄၀၅)၊ မြင်တော်သာလမ်း၊ ၁/ထူပါရုံရပ်ကွက်၊ သာကေတမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း - ၀၉- ၂၅၀၁၈၂၆၅၁**

## အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၇-အရှေ့ရပ်ကွက်၊ အောင်သပြေ ၆-လမ်း၊ အမှတ်-၄၇၈တွင် ဖွင့်လှစ်ထား Ning & Nandar Construction Group,Naing & Nandar Construction,Shwe Top Myanmar Construction,Soe Nandar Construction မှ ဦးစိုးနိုင်[၁၂/မဂတ(နိုင်)၀၀၀၉၂၆]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာသည်မှာ-

ကျွန်ုပ်မိတ်ဆွေသည် အဆောက်အဦဆောက်လုပ်ခြင်းလုပ်ငန်းများအား (၂၀၁၂) ခုနှစ်မှစ၍ ယနေ့တိုင်အောင်ကောင်းမွန်သော ဂုဏ်သတင်းဖြင့် လုပ်ဆောင်နေခြင်းဖြစ်ပြီး ကျွန်ုပ်မိတ်ဆွေ၏ Construction နှင့် ပတ်သက်၍ အကျိုးစီးပွားနှင့် လူမှုရေးကိစ္စများတွင် ထိခိုက်စေရန်လည်းကောင်း၊ ဂုဏ်သိက္ခာကျဆင်းစေရန် လည်းကောင်း၊ မဟုတ်မမှန်သော အကြောင်းအရာ၊ စကားရပ်များအားပြင်ပတွင်လည်းကောင်း၊ Online တွင် ဖြစ်စေဖြန့်ဝေခြင်း၊ ရေးသားခြင်း၊ လုပ်ကြံဖန် တီးစွပ်စွဲခြင်းများပြုလုပ်နေကြောင်း သိရှိရသည့်အတွက် အဆိုပါကိစ္စရပ်များနှင့် ပတ်သက်၍ မပြုလုပ်ပါရန် သတိပေးတားမြစ်အပ်ပါကြောင်းနှင့် အထက်ပါ သတိပေးချက်များအား လိုက်နာခြင်းမရှိဘဲ ဆက်လက်၍ ပြောဆို ဖြန့်ဝေမှုများပြုလုပ်နေပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် Construction နှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ၀၉-၆၈၀၁၇ ၃၉၉၉၊ ၀၉-၉၅၄၄၁၈၃၃၉ တို့အား ဆက်သွယ်စုံစမ်းနိုင်သည့်အပြင် အထက်ဖော်ပြပါ လိပ်စာသို့ လူကိုယ်တိုင် လာရောက်စုံစမ်းမေးမြန်းနိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စုမြတ်လွင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၅၁၉/၂၀၂၁)**
**တိုက်-၂၁၅၊ ဒုတိယထပ်၊ အေးစေတီလမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၂၆၅၇၈၄၆၈၈**

## "ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၃/ရန်ပြေရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၂၂၅)ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်(၃/ရန်ပြေ)၊ မြေကွက်အမှတ်(၂၂၅)၊ အကျယ်အဝန်း(အလျား ၂၀ပေx ၁၉ ပေ ၆ လက်မ x အနံ ၆၀ ပေ)ရှိ မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို ဒေါ်စိုးနန္ဒာမောင်[၅/တမန(နိုင်)၀၅၄၁၂၄]မှ ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သည့်အတွက် အဆိုပါ အိမ်ခြံမြေနှင့် ပတ်သက်၍ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသည့် စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးမြောက်သည်အထိဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်ခင်ဌေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၂၀၁၅) (၁၄-၂-၂၀၁၇)**
**အမှတ်(၁၄၀၅)၊ မြင်တော်သာလမ်း၊ ၁/ထူပါရုံရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉- ၄၂၁၁၈၁၈၂၂**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ - ၂၀ )
## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၁၂

| | | |
|---|---|---|
| ဦးစိုးနိုင်ဦး | နှင့် | ဦးသန်းမောင် |
| **(တရားလို)** | | **(တရားပြိုင်)** |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၉) ရပ်ကွက်၊ ပဒုမ္မာ(၃)လမ်း၊ အမှတ်-၄၆၈နေ ဦးသန်းမောင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ပဋိညာဉ်အတိုင်းမြေကွက်နှင့် နေအိမ်အပြီးအပိုင် အရောင်းအဝယ် စာချုပ်ကို မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ မေလ ၂၂ ရက် (၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၇ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ မေလ ၈ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝင့်ဝါဖေဝင်း)
မြို့နယ်တရားသူကြီး
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃၉)၊ မြေကွက်အမှတ်(၂၁၁)၊ အကျယ် ( ၄၀'x ၆၀')၊ မြေအမျိုးအစား - ပါမစ်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် အရာခံဗိုလ် ဦးကြည်ဝင်း [၁၃/ကလန (နိုင်) ၀၃၄၆၂၀] အမည်ဖြင့် ချထားပေးခြင်းခံရပြီး ၎င်းထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်ဆက်အရ ဝယ်ယူထားရှိသူ ဒေါ်သီတာချို [၁၂/လသယ (နိုင်) ၀၄၉၈၇၉]က မိမိတစ်ဦးတည်း လက်ဝယ်ထားရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသည့် ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ( ၇ ) ရက်အတွင်း ကန့်ကွက် အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအေးမင်းဇော်**
**တရားလွှတ်တော်ရှေ့နေ ( စဉ် - ၁၈၇၆၅ )**
**အမှတ်(၃၀၆)၊ သမာဓိ(၄)လမ်း၊ ၃၉/ဘီ - ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ( ၃၈ )၊ မြေကွက် အမှတ် (၄၅၇)၊ မြေအမျိုးအစား - နှစ် (၆၀) ဂရန်မြေ၊ အကျယ် (၄၀'x ၆၀') အနက် တရားဝင်မခွဲစိတ်ရသေးသောမြေ၏ (ခေါင်းရင်းဘက်ခြမ်း)၊ အကျယ် ( ၃၀'x ၆၀')မြေအစိတ်အပိုင်းအပါအဝင် ယင်းမြေပေါ်ရှိ အမှတ် ( ၄၅၇ )၊ ဓမ္မသုခလမ်း၊ ၃၈ ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မြို့မြေစာရင်းတွင် ဒေါ်ရီရီပြုံး [ S/OKA -၀၀၃၆၅၂] အမည်ပေါက်လျက်ရှိပြီး ၎င်းထံမှ အရပ်ကတိ အရောင်းအဝယ်စာချုပ်အဆက်ဆက်အရ ဝယ်ယူထားရှိသူ ဒေါ်တင်မိုးခိုင်(ခ)ဒေါ်တင်ခိုင်ဝေ [၁၂/ရကန(နိုင်)၀၀၆၇၆၈]က မိမိတစ်ဦးတည်း လက်ဝယ်ထားရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသည့် ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုး သက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအေးမင်းဇော်**
**တရားလွှတ်တော်ရှေ့နေ ( စဉ် - ၁၈၇၆၅ )**
**အမှတ်(၃၀၆)၊ သမာဓိ(၄)လမ်း၊ ၃၉/ဘီ - ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာချက်

ဒေါ်ဝင်းကြည်[၁၂/အစန (နိုင်)၁၅၇၂၅၀](ဘ-ဦးယုဝှက်)အမည်ပေါက် လက်ဝယ်ထား ပိုင်ဆိုင်လျက်ရှိသော -

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ)ရပ်ကွက်၊ ဘုရင့်နောင်ရိပ်သာ(၃)လမ်း၊ အမှတ်(၆၂)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် (တိုးချဲ့ပေါက်တော)၊ မြေကွက်အမှတ် (၆၂)၊ ဧရိယာ (၀.၀၄၁)ဧက၊ အကျယ်အဝန်း (၃၀ပေx၆၀ပေ)ရှိ နှစ်(၆၀)မြေငှားဂရန်မြေ အမျိုးအစား မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ ဆက်နွှယ်တွယ်ကပ်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မိမိမှ အမည်ပေါက် ပိုင်ဆိုင်၍လက်ဝယ်ထားကာ ရောင်းချခွင့်ရှိကြောင်း ၊အရှုပ်အရှင်းကင်းသော မြေကွက်ဖြစ်ကြောင်း ဖွင့်ဟဝန်ခံကတိပြု ပြောဆိုပြီး ကျွန်ုပ်၏မိတ်ဆွေသို့ အပြီးအပိုင်လွှဲပြောင်း ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူသည့်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ရောင်းချသူထံ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကို အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက သက်ဆိုင်သည့် စာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါရှိသည့်နေ့ရက်မှစတင်၍ (၁၄)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင် ဆက်လက်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ဝေဝေအောင် (LL.B)** | **ဒေါ်နွယ်နွယ်စန်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၆၈)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၄၉၆)** |

**အမှတ် - ၁၂၉၇ /အေ၊ ဓာတိဂုဏ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၀၀၅၇၄၉၈**

## "နူမာမက် (ခ) ဦးခင်မောင်ဝင်း [၁၂/သဃက(နိုင်)၂၁၂၃၉၆] ၏ ကြေးမုံသတင်းစာ၌ (၂၂-၄-၂၀၂၆/စာ - ၂၆) နှင့် (၂၉-၄-၂၀၂၆/စာ - ၃၁) ရက်စွဲဖြင့်ပါရှိသည့် အများသိစေရန်ကြေညာခြင်းအပေါ် ကန့်ကွက်ပါကြောင်းရှင်းလင်းကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ (၁၀၁) လမ်း၊ အမှတ် (၁၂၂)၊ (ပထမထပ်)နေ ဒေါ်ခင်မာဦး (ဘ) ဟာမိတ်ဒူလာ မှတ်ပုံတင်အမှတ် [၁၂/သဃက(နိုင်)၂၀၃၉၇၈]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ရှင်းလင်းကြေညာအပ်ပါသည်-

လူကြီးမင်းနှင့် ဒေါ်ခင်မာဦး (ဘ)ဟာမိတ်ဒူလာ မှတ်ပုံတင်အမှတ် [၁၂/သဃက(နိုင်)၂၀၃၉၇၈] တို့သည် (၁၉၉၁) ခုနှစ် ၊ ဧပြီလတွင် အစ္စလာမ်ဓလေ့ထုံးတမ်းနှင့်အညီ ထိမ်းမြားခဲ့ပြီး သား/သမီး (၄) ဦးထွန်းကားခဲ့ပါသည်။ လူကြီးမင်းနှင့် အိမ်ထောင်ကျပြီးချိန်မှစ၍ (၁-၄-၂၀၂၆)ရက်နေ့မတိုင်ခင်အထိ လူကြီးမင်းအပေါ် မယားဝတ္တရားကျေပွန်စွာဖြင့် မိသားစုအရေးကိစ္စများကို တာဝန်ယူဆောင်ရွက်ခြင်းဖြင့် ပြုမူနေထိုင်ခဲ့သည်ကို လူကြီးမင်းအနေဖြင့် သိရှိပြီးဖြစ်ပါသည်။ သို့သော် လူကြီးမင်းအနေဖြင့် လွန်ခဲ့သော (၁၅) နှစ်ခန့်မှစ၍ ဒေါ်ခင်မာဦးအပေါ် ဆဲရေးတိုင်းထွာပြောဆိုခြင်း၊ ထိခိုက်နာကျင်အောင် ကိုယ်ထိလက်ရောက်ပြုလုပ်ခြင်း၊ အိမ်ပေါ်မှနှင်ချခြင်းစသည့် ညှဉ်းပန်းနှိပ်စက်မှုလုပ်ရပ်များကို ကြိမ်ဖန်များစွာ ပြုလုပ်ခဲ့သော်လည်း သား/သမီးများ၏ နောင်ရေးကြောင့် သည်းခံ၍နေခဲ့သည်မှာ ယနေ့ထိတိုင်ဖြစ်ပါသည်။ ယခုအခါတွင် လူကြီးမင်းသည် ၎င်းအားကိုယ်ထိလက်ရောက်ပြုလုပ်၍ နေအိမ်မှမဆင်းလျှင် အသက်အန္တရာယ် ထိခိုက်စေနိုင်သော စကားလုံးများဖြင့် ခြိမ်းခြောက်ခြင်းကြောင့် မိမိအသက်အားစိုးရိမ်၍ နေအိမ်မှထွက်ခွာလာခဲ့ရခြင်း ဖြစ်ပြီး လူကြီးမင်း၏နေအိမ်မှ မည်သည့်ငွေနှင့်ရွှေထည်ပစ္စည်းများယူဆောင်လာခြင်းမရှိကြောင်း ကြေညာချက်ထဲတွင် ဖော်ပြထားသော ငွေကျပ်-၄၅,၆၀၀,၀၀၀/- (ငွေကျပ်လေးရာငါးဆယ့်ခြောက်သိန်းတိတိ) နှင့် ရွှေ (၁၅) ကျပ်သား ပစ္စည်းကိစ္စများသည်လည်း ဒေါ်ခင်မာဦးအပေါ် မမှန်ကန်သည့် စွပ်စွဲချက်များသာဖြစ်ကြောင်းနှင့် ထို့အပြင် မရွှေ့ပြောင်းနိုင်သော ပစ္စည်းစာရင်းပိုင်ဆိုင်မှုဖော်ပြချက်တွင်လည်း ယခင်ပိုင်ဆိုင်ခဲ့ပြီး ပြန်လည်ရောင်းချထားသော ပစ္စည်းတည်ရှိရာ လိပ်စာများကိုပါ မရိုးဖြောင့်သောသဘောဖြင့် ထည့်သွင်းဖော်ပြထားခြင်းများသာ ဖြစ်ကြောင်း၊ သတင်းစာတွင် ဖော်ပြပါ ရှိသည့် ဒေါ်ခင်မာဦးယူဆောင်သွားသော မရွှေ့ပြောင်းနိုင်သော ပစ္စည်းစာရင်း၏ စဉ်-၁မှလွဲ၍ ကျန်စာရွက်စာတမ်းမူရင်းများသည် ဒေါ်ခင်မာဦး အမည်ဖြင့် တရားဝင်ဝယ်ယူထားသည့် ပိုင်ဆိုင်မှုပစ္စည်းများသာ ဖြစ်ကြောင်း၊ သား/သမီး များ၏ နောင်ရေးအတွက်ယူဆောင်လာခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်း၏အကျိုးခံစားခွင့်ရှိသော ပစ္စည်းများအပေါ် ဥပဒေနှင့်အညီ စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း၊ မည်သူမျှ ဝင်ရောက်နှောင့်ယှက်ဟန့်တားခွင့်မရှိကြောင်း ဥပဒေအရ ရှင်းလင်းတင်ပြအပ်ပါသည်။

ထို့ကြောင့် (၂၂-၄-၂၀၂၆)နှင့် (၂၉-၄-၂၀၂၆) ရက်နေ့တို့တွင်ပါရှိသည့် သတင်းစာကြေညာချက်တွင် ဖော်ပြရေးသားချက်များသည် ဒေါ်ခင်မာဦးအပေါ် အခြေအမြစ်မရှိ စွပ်စွဲချက်များသာဖြစ်ပြီး လူမှုပတ်ဝန်းကျင်၌ အထင်အမြင်လွဲမှား ဂုဏ်သိက္ခာ ကျဆင်းအရှက်ရအောင် ရည်ရွယ်ချက်ရှိရှိအသရေဖျက်၍ မဟုတ်မမှန် စွပ်စွဲရေးသားထားခြင်းများသာ ဖြစ်သောကြောင့် ၎င်းကြေညာချက်အား ကန့်ကွက်ကြောင်း ဖော်ပြအပ်ပါသည်။

ကျွန်ုပ်အမှုသည်၏ ပိုင်ဆိုင်ခွင့်များကို ပိတ်ပင်တားဆီးသည့် အပြုအမူနှင့် ဂုဏ်သိက္ခာကျဆင်းစေသည့် လုပ်ဆောင်ချက်များအား သတင်းစာမှဖြစ်စေ အခြားနည်းလမ်းဖြင့်ဖြစ်စေ ထပ်မံဆောင်ရွက်ခြင်းနှင့် အဆိုပါကိစ္စရပ်များ၌ ပတ်သက်ဆက်နွှယ်ခြင်း မရှိသည့် ဒေါ်ခင်မာဦး၏သွေးသား အရင်းအချာ ညီအစ်ကိုမောင်နှမများအား တစ်ဦးတစ်ယောက် (သို့မဟုတ်) အဖွဲ့အစည်းတစ်ရပ်ရပ်မှ ခြိမ်းခြောက်စေခိုင်း၊ တားဆီးပိတ်ပင်ခြင်းများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြုလုပ်လာပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ပြန်လည်ကန့်ကွက် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဦးဝေယံထက်နိုင်(LL.B)** | **ဒေါ်မြင့်မြင့်စိန် (LL.B)** | **ဦးစည်သူလွင်** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၅၃၀၀၄)** | **(၁၆၂၃၆)(၁၉-၁၁-၂၀၁၉)** | **(စဉ်-၅၂၉၀၇)** |
| **အမှတ် - ၁၁၆၄၊ အောင်ချမ်းသာ(၈)လမ်း၊ (၇)အနောက်ရပ်ကွက်၊ သာကေတမြို့နယ်။** | **အမှတ်-၅၁၄/၅၁၈(3A) တိုင်းရင်း မေကွန်ဒိုကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်။** | **တိုက်-အေ/၆၊ အခန်း(၄၀၂)၊ အင်ကြင်းလမ်း၊ ရှုခင်းသာအိမ်ရာ၊ သာကေတမြို့နယ်။** |
| **09-444881731,09-780390432** | **Ph: 09-421032934** | **09-442726210,09-962378563** |

❖ နိုင်ငံတော် ရှေ့သို့ဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## မိဘပြည်သူများသို့ အသိပေးပန်ကြားခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် နိုင်ငံတော်၏ ဓာတ်အားစနစ်တည်ငြိမ်ရေးနှင့် ပြည်သူလူထုထံသို့ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ ဖြန့်ဖြူးပေးနိုင်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ၂၀၂၆ ခုနှစ်၊ မေလ ၁၃ ရက်နေ့၊ ၁၄:၄၃ နာရီအချိန်တွင် ဓာတ်အားစနစ်အတွင်းရှိ ၂၃၀ ကေဗွီ သာစည်-ရွှေမြို့ ဓာတ်အားလိုင်း၌ ယာယီချို့ယွင်းမှု ဖြစ်ပွားခဲ့သဖြင့် ဓာတ်အားစနစ်တစ်ခုလုံး ဓာတ်အားပြတ်တောက်မှု ဖြစ်ပေါ်ခဲ့ရပါသည်။

၃။ အဆိုပါဓာတ်အားပြတ်တောက်မှုဖြစ်ပွားရာသို့ ဝန်ကြီးဌာနမှ ကျွမ်းကျင်ဝန်ထမ်းများက အချိန်နှင့်တစ်ပြေးညီ စစ်ဆေးပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ၂၀၂၆ ခုနှစ်၊ မေလ ၁၃ ရက်နေ့၊ ၁၅:၀၀ နာရီအချိန်တွင် ဓာတ်အားစနစ်အတွင်းသို့ စတင်ဓာတ်အားပို့လွှတ်နိုင်ခဲ့ပြီး ယင်းနေ့ ၁၆:၄၃ နာရီအချိန်တွင် ဓာတ်အားစနစ်တစ်ခုလုံးသို့ ပုံမှန်အတိုင်း ဓာတ်အားပြန်လည် ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ယခုကဲ့သို့ ဓာတ်အားစနစ်အတွင်း ချို့ယွင်းမှုများ မဖြစ်ပွားစေရေးအတွက် စစ်ဆေး၊ ပြုပြင်၊ ထိန်းသိမ်းခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း မိဘပြည်သူများသို့ လေးစားစွာ အသိပေးတင်ပြအပ်ပါသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန



အောင်ပွဲရရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား လှိုင်းဘွဲမြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ တာဝန်ရှိသူများက ကြိုဆိုကြစဉ်။

## နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးနှင့် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် အောင်ပွဲရရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

နေပြည်တော် မေ ၁၄

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် မြဝတီမြို့နယ် ဖလူး၊ မင်းလက်ပံဒေသတစ်ဝိုက် စစ်ဆင်ရေးနှင့် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော အောင်ပွဲရရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့ နံနက်ပိုင်းတွင် ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သူရဇော်လွင်စိုးနှင့် တာဝန်ရှိသူများ၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ ပါဝင်တက်ရောက် ဂုဏ်ပြုကြိုဆိုကြသည်။

စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ○

**ယနေ့ ဖတ်စရာ**

**မက်မန်းမြို့နယ်အတွင်းရှိ သံလွင်မြစ်အနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်ရာတွင် အသုံးပြုသည့် လုပ်ငန်းသုံးဆက်စပ်ပစ္စည်းများအား ထပ်မံသိမ်းဆည်းရမိ၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ ကျူးလွန်၍ ထွက်ပြေးတိမ်းရှောင်နေသည့် တရားမဝင်တရုတ်နိုင်ငံသား ၁၀ ဦးအား ထပ်မံဖမ်းဆီးရမိ**

စာမျက်နှာ » ၁၅

## MNL ယူ-၂၀ ပြိုင်ပွဲယှဉ်ပြိုင်မည့် ကလပ်အသင်းများ ရာသီကြိုခြေစမ်းပွဲ ယှဉ်ပြိုင်ကစား

ရန်ကုန် မေ ၁၄

၂၀၂၆-၂၀၂၇ ရာသီ MNL ယူ-၂၀ ပြိုင်ပွဲ ယှဉ်ပြိုင်မည့် ကလပ်အသင်းများသည် မေ ၁၃ ရက်က ရာသီကြိုခြေစမ်းပွဲယှဉ်ပြိုင်ကစားရာ မြဝတီ၊ ရန်ကုန်စီးတီးနှင့် ရတနာပုံအသင်းတို့ နိုင်ပွဲရရှိခဲ့သည်။



ရန်ကုန်စီးတီးအသင်းနှင့် အား/ကာသိပ္ပံအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ရာသီကြိုခြေစမ်းပွဲများတွင် ရတနာပုံအသင်းက ဒဂုံစတားယူနိုက်တက်အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ရန်ကုန်စီးတီးအသင်းက အား/ကာသိပ္ပံအသင်းကို နှစ်ဂိုး-တစ်ဂိုး၊ မြဝတီအသင်းက Chinland အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ လာမည့်ရာသီ MNL ယူ-၂၀ လိဂ်ပြိုင်ပွဲတွင် အသင်းစုစုပေါင်း ၁၄ သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး မေ ၂၃ ရက်တွင် စတင်မည်ဖြစ်သောကြောင့် ကလပ်အသင်းများအနေဖြင့် ရာသီကြိုခြေစမ်းပွဲများ ကစားကာ ဆက်တိုက်ပြင်ဆင်နေခြင်းဖြစ်သည်။

ယခုရာသီ MNL ယူ-၂၀ ပြိုင်ပွဲယှဉ်ပြိုင်မည့် ကလပ်အသင်းအများစုမှာ နည်းပြချုပ်များပြောင်းလဲထားပြီး ယခုနှစ်တွင် ယူ-၂၀ လိဂ်အဖြစ် ကျင်းပမည်ဖြစ်သောကြောင့် ကလပ်အသင်းအားလုံးနီးပါး ကစားသမားများ ပြန်လည်ရွေးချယ်ကာ ပြင်ဆင်နေခြင်းဖြစ်သည်။ **သတင်း-ချစ်ကိုကို၊ ဓာတ်ပုံ-MNL**



## လာဇီယိုအသင်းကို အနိုင်ရပြီး အင်တာမီလန်အသင်း ကိုပါအီတာလီယာဖလား (၁၀)ကြိမ်မြောက် ဆွတ်ခူး

အင်တာမီလန်အသင်းဟာ မေ ၁၄ ရက် နံနက်ပိုင်းက လာဇီယိုအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ကိုပါအီတာလီယာဖလားဗိုလ်လုပွဲမှာ အနိုင်ရရှိခဲ့ပြီး ကိုပါအီတာလီယာဖလားကို ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ အင်တာမီလန်အသင်းက နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပြီး အင်တာမီလန်အသင်းအတွက် သွင်းဂိုးတွေကို ပထမပိုင်းပွဲကစားချိန် ၁၄ မိနစ်မှာ တူရမ်ကတစ်ဂိုး၊ ၃၅ မိနစ်မှာ မာတီနက်ဇ်ကတစ်ဂိုး အသီးသီးသွင်းယူပေးခဲ့တာဖြစ်ပါတယ်။

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ✳